မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ တနင်္ဂနေနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၈၇]

တို့တာဝန် အရေး(၃)ပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

(၆၈)နှစ်မြောက် အာဇာနည်နေ့

ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာ တူညီသော အကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့ အကျိုး၊ အဲဒီလို တူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့ မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ် ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ကဗျာတစ်ပုဒ်၊ ကြီးမြတ်ယဉ်ကျေးသော ခေါင်းဆောင်နှင့် အကြမ်းဖက်ဖြေရှင်းခြင်းမရှိပါမှ ဆောင်းပါး၊ စာ » ၆

အတွင်းဝန်များရုံးက ဖြေပြသည့် အာဇာနည်နေ့သမိုင်း Photo Essay၊ စာ » ၁၀

မမေ့နိုင်သောအာဇာနည် ခေါင်းကြီး၊ စာ » ၂

ဗိုလ်ချုပ်စကားအလေးထားစုပေါင်းအားနှင့် နိုင်ငံသစ်ဆီ ကာတွန်း၊ စာ » ၂

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မမေ့နိုင်သောအာဇာနည်

ဇူလိုင်လ ၁၉ ရက်နေ့သည်ကား မြန်မာပြည်သူတစ်ရပ်လုံး၏ မမေ့နိုင်သော၊ မမေ့အပ်သော နေ့တစ်နေ့ဖြစ်ပါသည်။ ဤနေ့သည်ကား မြန်မာပြည်သူတစ်ရပ်လုံး၏ ဝမ်းနည်းကြေကွဲဖွယ်ရာ အာဇာနည်နေ့ပင် ဖြစ်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများသည် နယ်ချဲ့လက်ပါးစေတို့၏ လက်ချက်ဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့ရပါသည်။

ထိုနေ့ရောက်တိုင်း ပြည်သူတစ်ရပ်လုံးက ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်သို့သွားရောက်ကာ လွမ်းသူပန်းခွေများချ၍ အလေးပြုခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများအတွက် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်း၊ ဆုတောင်းအမျှဝေခြင်းတို့ကို ပြုလုပ်လေ့ရှိပါသည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းများကို ရေဒီယိုမှတစ်ဆင့် ထုတ်လွှင့်ပေးလေ့ရှိပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းများသည် ပြည်သူတစ်ရပ်လုံးအတွက် မှတ်သားဖွယ်ရာများပင်ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် ကျွန်ုပ်တို့နိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ ဦးတည်ချီတက်နေပြီ ဖြစ်ပါသည်။ ဒီမိုကရေစီနှင့်ပတ်သက်၍ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် မေ ၁၉ ရက် ပဏာမညီလာခံတွင် ''ဒီမိုကရေစီဆိုတာ ဘယ်လိုအင်္ဂါရပ်မျိုးနဲ့ ညီညွတ်ရမလဲ၊ အဲဒီလို ကျုပ်ပြည့်တင်းပြည့် ဒီမိုကရေစီမျိုးကို ကျုပ်တို့ဘယ်လိုတည်ဆောက်ရမလဲ။ ချက်ချင်းဖြစ်မလား။ ဘယ်လောက်ကြာမလဲ။ ဘယ်နည်းအကောင်းဆုံးလဲဆိုတာတွေကို အခုကျုပ်တို့တိုင်းပြည် တည်ဆောက်ရမယ့်အခါမှာ အထူးစဉ်းစားရမယ့်အချက်တွေပဲ။ နိုင်ငံရေးဟာ စီးပွားရေးအခြေခံပေါ်မှာတည်တယ်။ နိုင်ငံရဲ့ဖွံ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွေကလည်း စီးပွားရေးသဘောတရားတွေနဲ့ ကင်းလို့မရဘူး''ဟူ၍ မိန့်ကြားခဲ့ပါသည်။

တစ်ဖန်လွတ်လပ်ရေးနှင့်ပတ်သက်ပြီး အကျိုးရှိရှိ အသုံးချတတ်အောင်လည်း ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဧပြီ ၅ ရက် အသံလွှင့်မိန့်ခွန်းတွင် ''လွတ်လပ်ရေးရအောင်ကြိုးပမ်းနေကြတာဟာ မြန်မာတွေလွတ်လပ်ပြီဟေ့လို့ ပြောကောင်းရုံလေးအတွက် ကြိုးပမ်းခဲ့ကြတာမဟုတ်ပါဘူး။ ခပ်တိုတိုပြောရရင် မြန်မာတွေ လူတန်းစေ့နေနိုင်အောင်လုပ်ပေးဖို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြတာ။ အဲဒီတော့ မြန်မာတွေ လွတ်လပ်ပြီးတဲ့နောက် လူတန်းစေ့နေနိုင်ဖို့ အလုပ်တွေကိုမလုပ်ရဘဲ၊ ကဖျက်ယဖျက် သမားတွေနဲ့နောင့်ယှက်မှုတွေကို တုံ့ပြန်နေရတာနဲ့ အချိန်ကုန်နေကြမယ်ဆိုရင် လွတ်လပ်ရေးရတာဟာ အဓိပ္ပာယ်ရှိမှာမဟုတ်ဘူး'' ဟူ၍လည်း မိန့်ကြားခဲ့ပါသည်။ မှန်ပါသည်။ ကျွန်ုပ်တို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်လျက်ရှိပါသည်။ ထိုအချိန်တွင် ပူးပေါင်းလုပ်ဆောင်ရမည့်အစားဝေဖန်မှု၊ တိုက်ခိုက်ပြောဆိုမှု၊ တစ်ဦးနှင့်တစ်ဦးအပြစ်ပြော အပုပ်ချနေရုံဖြင့် ဒီမိုကရေစီကို ဖော်ဆောင်နိုင်မည်မဟုတ်ပါ။

ထို့အပြင် လွတ်လပ်မှုနှင့် စည်းကမ်းနှင့် ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့သည်မှာ မှတ်သားစရာပင်ဖြစ်ပါသည်။ ''လွတ်လပ်ရေးရဲ့အဓိပ္ပာယ်ဟာ ဘာလဲ၊ လွတ်လပ်ရေးဆိုတာဟာ ကိုယ်တစ်ဦးတစ်ယောက်ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးသားလုံးကောင်းစားဖို့ဖြစ်စေလုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့အကျိုးကိုမထိခိုက်ဘဲနဲ့၊ အခြားလူတွေရဲ့အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ'' ဟု ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်က ရန်ကုန်မြို့ မြို့တော်ခန်းမကြီး၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ပြောကြားခဲ့သည်။

ဆက်လက်၍လည်း ''ဒီတော့ လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်'' ဟူ၍လည်း မိန့်ကြားခဲ့လေသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်မှာချက်များသည်ကား မှတ်သားစရာများစွာရှိပါသည်။ အာဇာနည်ခေါင်းဆောင်များ၏ မိန့်မှာချက်များကို လေးစားလိုက်နာခြင်းအားဖြင့် ဂုဏ်ပြုလေးစားရာရောက်ပါသည်။ အလေးပြုရာလည်းရောက်ပါသည်။ သို့ဖြစ်၍ ဗိုလ်ချုပ်နှင့်တကွကျဆုံးလေပြီးသော အာဇာနည်များအား ဂုဏ်ပြုသောအားဖြင့် ၄င်းတို့ချမှတ်ခဲ့သော မိန့်မှာချက်များကို ပြည်သူတစ်ရပ်လုံးက လေးစားလိုက်နာအပ်ပေကြောင်း။ ။

အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

နတ်မောက် ဗိုလ်ချုပ်နေအိမ်ပြတိုက် ပြည်သူများလေ့လာနိုင်ရန် အာဇာနည်နေ့၌ ဖွင့်ထားမည်

နတ်မောက် ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို ဇူလိုင် ၁၉ ရက် အာဇာနည်နေ့တွင် နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တွင် ဗိုလ်ချုပ်ငယ်ဘဝမှစတင်ပြီး နိုင်ငံ့ခေါင်းဆောင် ဘဝအထိ သမိုင်းဝင်ဓာတ်ပုံများကို မှန်ကားကြီးများဖြင့် ပြသထားပြီး ဗိုလ်ချုပ် နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်ပုံတူ စီလီကွန်ရုပ်တုကြီးနှင့် ကမ္ဘည်းကျောက်စာတိုင်များကို ကြည့်ရှုလေ့လာနိုင်သည်။

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို ဇူလိုင် ၁၉ ရက် အာဇာနည်နေ့ နံနက် ၈ နာရီတွင် ဖွင့်လှစ်သွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ ဝင်ရောက်လေ့လာနိုင်ပြီး သာမန်ရက်များတွင် ပြတိုက်ကို တနင်္လာနေ့နှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ဇင်ဝေယံလင်း(နတ်မောက်)

ရေနံချောင်းမြို့နယ်တွင် မြစ်ကမ်းပါးပြိုရှိ ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

ရေနံချောင်း ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး မိန်းမလှကျွန်းကျေးရွာတွင် ဧရာဝတီမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုမှုကြောင့် လူနေအိမ်များ ရွှေ့ပြောင်းနေရကြောင်း သိရသည်။

မန်မြေကျေးရွာအုပ်စု မိန်းမလှကျွန်းကျေးရွာတွင် ယခုလ ၅ ရက်မှ ၁၅ ရက်အတွင်း မြစ်ရေတိုက်စားပြီး ကမ်းပါးပြိုမှုကြောင့် လူနေအိမ် ၅၇ လုံး ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ပြီးဖြစ်သည်။ အဆိုပါ မိန်းမလှကျွန်းကျေးရွာသည် မြေနုကျွန်းပေါ်တွင်တည်ရှိပြီး သုံးနှစ်တစ်ကြိမ်ခန့် ကမ်းပါးပြိုခြင်းကို တွေ့ကြုံနေရကြောင်း ဒေသခံတစ်ဦးက ပြောသည်။

မိန်းမလှကျွန်းကျေးရွာတွင် အိမ်ခြေ ၁၅၁ လုံးရှိပြီး ကမ်းပါးပြို၍ ပြောင်းရွှေ့ရသော အိမ်ထောင်စု ၅၇ စုကို ရွာ၏ အရှေ့ဘက်မြေကွက်လပ်နေရာတွင် ယာယီနေရာချထားပြီး အဆိုပါ အိမ်ထောင်စုများအတွက် ရေနံချောင်းမြို့နယ် ထနောင်းကုန်းကျေးရွာအနီးတွင် မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြေကွက်သစ်များ ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

မွန်မွန်

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြုံတင်လေ့လာ ဘေးကင်းကွာ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၇-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာမိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၅၃၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၀၈၇၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၅၃၅၀၀

စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၇၁၀
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၇၁၀-၇၂၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၈၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၃၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၈၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၁၀
ဥရောပ	တစ်ယူရို	၁၃၃၀.၃
စင်ကာပူ	တစ်ဒေါ်လာ	၈၈၈.၇၆
ထိုင်း	တစ်ဘတ်	၃၅.၅၂၆
အိန္ဒိယ	တစ်ရူပီး	၁၉.၁၀၀
တရုတ်	တစ်ယွမ်	၁၉၄.၈၈
မလေးရှား	တစ်ရင်းဂစ်	၃၁၈.၀၄

ခင်ရတနာ-စုစည်းသည်။

ကယားပြည်နယ်ပြည်သူများ ငြိမ်းချမ်းရေး၏အကျိုးကျေးဇူးခံစားနေရပြီဖြစ်၍ ဒေသဖွံ့ဖြိုးရေး စည်းလုံးညီညွတ်စွာဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လွှင်ကော်မြို့ သီရိမင်္ဂလာတောင်တော်ရှိ တောင်ကွဲစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ရုပ်ပွားတော်မြတ်အား ဆီမီး၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက စေတီတော်မြတ်ကြီးအတွက် နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့က လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စေတီတော်မြတ်ကြီး၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စေတီတော်ရင်ပြင်မှ ကယားပြည်နယ် လွှင်ကော်မြို့၏ ရှုခင်းများအား ကြည့်ရှုပြီး စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လွှင်ကော်မြို့ ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် စေတီတော်လိုဏ်တော်အတွင်း ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ပြီး စေတီတော်မြတ်ကြီးအတွက် နဝကမ္မအလှူငွေများကို စေတီတော်ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား စေတီတော်ဂေါပကအဖွဲ့က အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်ပြီး နိုင်ငံတော်သမ္မတက ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည့် လွှင်ကော်မြို့နယ်နှင့် ဒီမောဆိုမြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေး ကော်မတီဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက ယခုခရီးစဉ်သည် သံလွင်တံတား(ဖားဆောင်း) ဖွင့်ပွဲအခမ်းအနားနှင့် ကယားပြည်နယ်ရှိ မြို့နယ်အားလုံးသို့ လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးသည့်အခမ်းအနားကို အားပေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ တည်ထောင်ရန်လိုအပ်ကြောင်း၊ ထိုသို့တည်ထောင်နိုင်ရန်အတွက် ကယားပြည်နယ်အတွင်း သောက်သုံးရေနှင့် လုံလောက်သော စိုက်ပျိုးရေရရှိရန်၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုရှိရန်တို့ လိုအပ်ပါကြောင်း။

ကယားပြည်နယ်အတွက် ပထမလေးချက်ကို ရရှိအောင် မိမိတို့ဆောင်ရွက်ပေးခဲ့ပြီး ငြိမ်းချမ်းရေးရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သည့်သုံးနှစ်ကျော်တွင် ကယားပြည်နယ်အတွင်း သေနတ်သံမကြားရဘဲ ပြည်သူများ အနေဖြင့် ငြိမ်းချမ်းရေး၏ အကျိုးကျေးဇူးကို လက်တွေ့ခံစားနေရပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက မြို့ဖွံ့ဖြိုးတိုးတက်ရေး၊ ရေပေးဝေရေး၊ ဘီလူးချောင်းမြစ်ကြောင်း ထိန်းသိမ်းရေး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးတို့နှင့်ပတ်သက်ပြီး တင်ပြဆွေးနွေးကြရာ နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လွှင်ကော်မြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် အတူ ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာစေရန်အတွက် ဆောင်ရွက်မှုအခြေအနေများအားလည်းကောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအားလည်းကောင်း၊

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြည်နယ်အတွင်း မြို့နယ်နှင့် ကျေးရွာများအလိုက် လျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုအခြေအနေများနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုမြင့်မားတိုးတက်လာစေရေး ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များကို နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များ ဖြစ်လာစေရန် ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရန်၊ သန့်ရှင်းသော သောက်သုံးရေနှင့် လုံလောက်သော စိုက်ပျိုးရေး ရရှိရန်၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုရှိရန် ဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လွှင်ကော်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လွှင်ကော်မြို့၊ မြို့တော်ခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လွှင်ကော်မြို့နယ်နှင့် ဒီမောဆိုမြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီဝင်များအား တွေ့ဆုံစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

အရည်အသွေးပြည့်ဝစေရန် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး လေ့လာသင်ယူနိုင်ရေးကြိုးပမ်း

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ပင်မဆောင်ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ပါမောက္ခချုပ်က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ ဘာသာရပ်အလိုက် သင်ကြားပို့ချမှု၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ဘာသာရပ်အလိုက် တက်ရောက်နေသည့် ကျောင်းသား ဦးရေနှင့် တက္ကသိုလ်၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တက္ကသိုလ်၊ ကောလိပ်စုစုပေါင်း ၁၈၀ ခန့် ရှိပါကြောင်း၊ ရန်ကုန်မြို့၌လည်း တက္ကသိုလ်၊ ကောလိပ်များစွာရှိပါကြောင်း၊ မိမိတို့အစိုးရသစ်လက်ထက်တွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးစရိတ်များကို နှစ်စဉ် တိုးမြှင့်ခွဲဝေပေးခဲ့ပါကြောင်း၊ တက္ကသိုလ်တစ်ခု၏ အဂိုဏ်းများတွင် တက္ကသိုလ်နှင့်လျော်ညီသည့် အဆောက်အအုံများနှင့် ဆရာ ဆရာမများ နေထိုင်ရန်၊ အဆောင်များကောင်းမွန်ရန်၊ တက္ကသိုလ်နှင့် ဆက်စပ်နေသည့် လမ်းများ ကောင်းမွန်ရန်လိုအပ်ပါကြောင်း။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မဆောင်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အထူးသဖြင့် ဆရာ ဆရာမများ၏အရေအတွက်နှင့် အရည်အသွေး ကောင်းမွန်ရန်လိုအပ်ကြောင်း၊ သို့ဖြစ်၍ ပညာရေးနှင့် ကျန်းမာရေးအတွက် နိုင်ငံတော်အစိုးရမှ ဝန်ထမ်းများကို အရေအတွက် ပြည့်မီအောင် ခန့်အပ်ပေးလျက်ရှိရာတွင် အရေအတွက်ပြည့်မီလာသော်လည်း အရည်အသွေးများလျော့ကျမသွားစေရေး ဂရုပြုရန်နှင့်တက္ကသိုလ်များတွင် လိုအပ်သည့် သင်ကြားမှုအထောက်အကူပြုပစ္စည်းများ ပြည့်စုံမှုရှိရန်လိုအပ်ပါကြောင်း။

ထို့ကြောင့် ကျောင်းသားကျောင်းသူများကို ပြုစုပျိုးထောင်မွေးထုတ်ပေးမည့် ဆရာ ဆရာမများသည် မိမိတို့ကိုယ်တိုင် အရည်အသွေးပိုင်းကို အမြဲမပြတ်မြှင့်တင်နေရန်နှင့် မိမိတို့တတ်စွမ်းသမျှ စေတနာအပြည့်ဖြင့် ကြိုးစားသင်ကြားပေးမှသာ အရည်အသွေးပြည့်ဝသည့် ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်းနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အရည်အသွေးပြည့်ဝစေရန်အတွက် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး လေ့လာသင်ယူနိုင်ရေးကြိုးပမ်းအားထုတ်ကြရန် ဆွေးနွေးတိုက်တွန်းမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ဘူမိဗေဒပြခန်း၊ စာကြည့်တိုက်နှင့် Language Lab အပါအဝင် တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သည် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ တည်ရှိပြီး ၂၀၀၁ ခုနှစ် ဇွန် ၂၉ ရက်က ဖွင့်လှစ်ခဲ့သည်။ တက္ကသိုလ်တွင် အထူးပြု ဘာသာရပ်အလိုက်နေ့ သင်ကျောင်းသားနှင့် အဝေးသင်ကျောင်းသား ဦးရေစုစုပေါင်း ၂၉၅၉၁ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ရေဆင်းဆည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ မိုးရာသီသစ်ပင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၁၈

ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ဒုတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးပြီး အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးပေးသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးရှိ ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ခရေပင်နှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ပျိုးပင်များကို သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၅၀၀၀ တို့ကို စိုက်ပျိုးပေးခဲ့သည်။

ရေဆင်းဆည်ပတ်ဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ၂၀၁၁ ခုနှစ်မှစတင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများဖြင့် နှစ်စဉ်

စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၁၄ ကြိမ် စိုက်ပျိုးခဲ့ပြီး ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ သရက်၊ မန်ကျည်း၊ ပိန္နဲ၊ တမာ၊ သစ်ဆိမ့်၊ မဲဇလီ၊ ကုက္ကို၊ ငုဝါ၊ စိန်ပန်း၊ ခရေ၊ ကံ့ကော်၊ ဧကရာဇ်ပင်နှင့် အော်ရီးရှားပင် စသည့် စိုက်ပျိုးပင် စုစုပေါင်း အပင် ၇၄၈၁၀ စိုက်ပျိုးနိုင်ခဲ့သည်။

အလားတူ တိုင်းစစ်ဌာနချုပ် နယ်မြေများတွင်လည်း ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်း တစ်ပြိုင်တည်းကျင်းပကြရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက အသီးသီးစိုက်ပျိုးခဲ့ကြသည်။ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့စိုက်ပျိုးသည့် စိုက်ပျိုးပင်စုစုပေါင်းမှာ ၃၆၃၀၁၈ ပင် ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်

နေပြည်တော် ဇူလိုင် ၁၈

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ အမ်းမြို့တွင် ၈ ဒသမ ၅၈ လက်မ၊ ကန့်ဘလူမြို့တွင် ၇ ဒသမ ၈၃ လက်မ၊ မောင်တောမြို့တွင် ၄ ဒသမ ၂၁ လက်မ၊ ရေဦးမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ရွှေကျင်မြို့တွင် ၃ ဒသမ ၇၈လက်မ၊ မဒေါက်မြို့တွင် ၃ ဒသမ ၆၆ လက်မ၊ သံတောင်ကြီးမြို့တွင် ၃ ဒသမ ၃၅လက်မ၊ သီပေါမြို့နှင့် သထုံမြို့တို့တွင် ၂ ဒသမ ၉၉ လက်မစီတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

(မိုး/ဇလ)

မုံ့ဖြူးလာသည့် ဂျပန်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း

ထွန်းတောက်

၂၀၁၄ ခုနှစ်မှ စတင်ကာ သိသာစွာဖွံ့ဖြိုးတိုးတက်လာသော ဂျပန်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် ဂျပန်အာဏာပိုင်များ မျှော်လင့်ထားသည်ထက်ပင် ယနေ့အချိန်အထိ ကမ္ဘာလှည့်ခရီးသွား ၁၃ သန်းကျော်လာရောက်လည်ပတ်ကြသည်။ ၄င်းတို့အနက် ၁၁ သန်းမှာ အာရှနိုင်ငံများမှ လာရောက်ကြသော ခရီးသွားများဖြစ်ကြပြီး ၂၀၁၃ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ကမ္ဘာလှည့်ခရီးသွားအရေအတွက်မှာ ၃၀ ရာခိုင်နှုန်း မြင့်တက်လာပြီး ၂၀၁၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက အရေအတွက်မှာ ၅၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခြင်းဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ထိုင်ဝမ်နှင့်တောင်ကိုရီးယား စသည့်အာရှနိုင်ငံများမှ ခရီးသွားများသည် ဂျပန်နိုင်ငံ၏ပူနွေးသောဇုန်များတွင် ကျရောက်နေသည့် ဟိုကိုင်ဒိုနှင့် အိုကီနာဝါကျွန်းများသို့ အများအပြားလာရောက်လည်ပတ်ကြသည်ကို တွေ့ရှိရသည်။

အထူးသဖြင့် တရုတ်ပြည်မကြီးမှ ခရီးသွားရည့်သည်များသည် ၂၀၁၃ ခုနှစ်မှစတင်ကာ ဂျပန်သို့လာရောက်လည်ပတ်မှု ငါးချိုးလေးချိုးအထိ မြင့်တက်လာသည်။ လွန်ခဲ့သည့် ဖေဖော်ဝါရီလ တရုတ်နှစ်သစ်ကူးကာလကပင် တရုတ်ခရီးသွား ၄၅၀၀၀၀ ကျော် ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြသည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလမှစတင်ကာ ဂျပန်နိုင်ငံ၏ ယန်းငွေကြေးစနစ်သည် တရုတ်နိုင်ငံ၏ ယွမ်ငွေကြေးနှင့် နှိုင်းဆလျှင် ငါးချိုးနှစ်ချိုးမျှ တန်ဖိုးကျဆင်းလာသည့်အတွက် ဂျပန်ဗဟိုဘဏ်သည် ယန်းငွေတန်ဖိုးကို ဖြေလျှော့လိုက်သည့်အတွက် သွားစရိတ်၊ လာစရိတ်၊ နေစရိတ်၊ စားစရိတ် သိသာစွာသက်သာမှုကြောင့် တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများသည် ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ကြခြင်းဖြစ်သည်ဟု စီးပွားရေးပညာရှင်များက ဝေဖန်သုံးသပ်ကြသည်။

ထို့ကြောင့်ပင် ဂျပန်နိုင်ငံတွင် ထူးခြားသောရှုခင်းအလှများ ကြည့်ရှုရန်နှင့် စျေးဝယ်ရန်လာရောက်ကြသော ကမ္ဘာလှည့်ခရီးသွားများတွင် တရုတ်ခရီးသွားများ ပိုမိုများပြားနေခြင်းဖြစ်သည်ဟု သိရှိရသည်။

တရုတ်ကမ္ဘာလှည့်ခရီးသွားများသည် တိုကျိုမြို့တော်၏ နာမည်ထင်ရှားသော ဂင်ဇာစျေးကြီးတွင် အရည်အသွေးကောင်းသည့် လက်ဆွဲအိတ်များ၊ ထမင်းပေါင်းအိုးများ၊ ဓာတ်ဘူးများ၊ ကြွေထည်ဖြင့် ပြုလုပ်ထားသည့်ဓားများနှင့် နည်းပညာအဆင့်မြင့်ရေအိမ်သာသုံး ဘိုထိုင်အိမ်သာထိုင်ခုံများကို ဝယ်ယူလေ့ရှိကြသည်။ ထို့ပြင် တိုကျိုမြို့ ခေတ်ပေါ်အဝတ်အစားများရောင်းသည့် ဒိုင်ကန်ယာမစျေးတွင်လည်း ဂျင်းဘောင်းဘီများ၊ မျက်မှန်အပိုင်းစသည်များကို တရုတ်ခရီးသွားများက ဝယ်ယူအားပေးလေ့ရှိသည်ဟု သိရသည်။

၂၀၁၄ ခုနှစ်၌ ဂျပန်နိုင်ငံသို့ လာရောက်ကြသည့် ကမ္ဘာလှည့်ခရီးသွားများသည် ယန်းငွေနှစ်ထရီလီယံ (ဒေါ်လာ ၁၈ ဒသမ ၉ ဘီလီယံ) ကျော်မျှ သုံးစွဲခဲ့ကြသည်။ ထိုငွေကြေးပမာဏသည် ၂၀၁၂ ခုနှစ်၌ ကမ္ဘာလှည့်ခရီးသွားများသုံးစွဲခဲ့သည့် ငွေပမာဏထထက် နှစ်ဆပိုမိုများပြားသည်။

ဂျပန်နိုင်ငံ၏ ခရီးသွားလုပ်ငန်း ဤသို့ဖွံ့ဖြိုးတိုးတက်လာမှုသည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ Abenomics ဟု အမည်ပေးထားသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုစီမံချက်၏ အသိသာအမြင်သာဆုံး အကျိုးရလဒ်ပင်ဖြစ်သည်။

အာဘေးနောမစ်စီးပွားရေး ပြုပြင်ပြောင်းလဲမှုအစီအစဉ်မှာ ဂျပန်ဗဟိုဘဏ်၏ ငွေကြေးထိန်းချုပ်မှုကို ဖြေလျှော့စေပြီး ဂျပန်စီးပွားရေးပြန်လည်ဖွံ့ဖြိုးဦးမော့လာရန် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

မစ္စတာအာဘေး၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုကြောင့် ယခင်က ကုန်ပစ္စည်းစျေးနှုန်းများ အလွန်ကြီးမားသော ဂျပန်နိုင်ငံ၌ ယနေ့အချိန်တွင် မယုံနိုင်လောက်အောင်ပင် ကုန်စျေးနှုန်းများကျဆင်းချိုသာနေပေပြီ။ ဂျပန်နိုင်ငံ၏ အရည်အသွေးအလွန်ကောင်းသော ကုန်ပစ္စည်းများ၏ စျေးနှုန်းသည် ရှန်ဟိုင်းတွင်ရောင်းချနေသည့် ဂျပန်ကုန်ပစ္စည်းများထက်ပင် စျေးချိုသာနေသည်ဟု ခရီးသွားလမ်းညွှန်ဆွန်ယွန်ယင်က ပြောဆိုသည်။

ကမ္ဘာလှည့်ခရီးသွားများ ဂျပန်နိုင်ငံသို့ စုပြုံဝင်ရောက်လာစေသော အခြားသောအကြောင်းများ၌ ဂျပန်၏ လူဝင်မှုကြီးကြပ်ရေးဥပဒေများကို ဖြေလျှော့ပေးခြင်းနှင့် ကုန်ပစ္စည်းဝယ်ယူရာတွင် အခွန်ကင်းလွတ်ခွင့်ပေးခြင်းများလည်း ပါဝင်သည်။

ထို့ပြင် ကမ္ဘာလှည့်ခရီးသည်များ စျေးနှုန်းချိုသာစွာနှင့် အဆင်ပြေပြေ တည်းခိုနိုင်ရန်အတွက် ဟိုတယ်များကိုလည်း ရိုးရိုးရှင်းရှင်းဖြစ်စေရန် ပြန်လည်ပြုပြင်ထားသည်။ အထူးသဖြင့် ဂျပန် APA ဟိုတယ်လုပ်ငန်းကုမ္ဗဏီသည် ဂျပန်၏ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ဖော်ကျူးထားသည့် စျေးချိုသာသော တည်းခိုခန်းခများကြောင့် ကမ္ဘာလှည့်ခရီးသွားများက လာရောက်အားပေးတည်းခိုကြသည်။

APA ၏အရှည်စာလုံးမှာ Always Pleasant Amenity ဖြစ်ပြီး ထာဝရနှစ်လိုဃျာဌ ဧည့်ဝတ်ကျေပွန်မှုဟု အဓိပ္ပာယ်ရသည်။ ထို့ပြင် စားသောက်ဆိုင်များ၊ လက်မှုပစ္စည်းအရောင်းဆိုင်များနှင့် ရေကူးစမ်းများရှိသည့် အဝေးပြေးယာဉ်မောင်းများ ခေတ္တရပ်နားအပန်းဖြေရာ၊ မိချိုနိုအိကိအရပ်ဒေသ၌လည်း ကမ္ဘာလှည့်ခရီးသွားများ အပန်းဖြေနိုင်ရန် ဂျပန်အာဏာပိုင်များက စီစဉ်ထားလျက်ရှိသည်။

အထူးသဖြင့် အာရှနိုင်ငံများမှ ခရီးသွားများသည် မြို့တော်တိုကျိုတွင်ရှိသည့် ထင်ရှားသော ဂင်ဇာနှင့် ဒိုင်ကန်ယာမစျေးများ၊ ဂျပန်၏ ကျက်သရေဆောင် ဖူဂျီတောင်ကြီး၏ အနီးနားတွင်ရှိသည့် အမျိုးသားပန်းဥယျာဉ်၊ ဟာကိုနီနှင့် အွန်ဆင်အပန်းဖြေစခန်းများသို့လည်း သွားရောက်လည်ပတ်လေ့ရှိကြသည်။

အစိုးရ၏စစ်တမ်းကောက်ယူမှုအရ ဂျပန်နိုင်ငံသို့လာရောက်သည့် ခရီးသွားတစ်ဦးသည် ပျမ်းမျှယန်းငွေ ၁၃၀၀၀၀ ကိုသုံးစွဲကြသည်ဟု သိရှိရသည်။

တရုတ်ခရီးသွားရည့်သည်များသည် ဂျပန်နိုင်ငံ၏သန့်ရှင်းလတ်ဆတ်သော လေကိုရှူရှိုက်ရခြင်းနှင့် ကြည်လင်တောက်ပသော မိုးကောင်းကင်ကြီးကို မြင်တွေ့ရခြင်းတို့ကို အထူးနှစ်ခြိုက်ကြသည်။ ထို့ပြင် ဂျပန်နိုင်ငံ၏ မူလအခြေအနေတွင် မပျက်မစီးရှိနေသေးသည့် သဘာဝပတ်ဝန်းကျင်ကိုလည်း ကမ္ဘာလှည့်ခရီးသွားများက အထူးသဘောကျကြသည်။

ပြည်မကြီးမှ တရုတ်ပြည်သူတို့သည် ဂျပန်နိုင်ငံသို့ သွားရောက်မလည်ပတ်မီအချိန်က တီဗီရုပ်သံနှင့်ဗီဒီယိုဇာတ်လမ်းတွဲများတွင် မြင်တွေ့ရသည့်အတိုင်း ဂျပန်ဆိုလျှင် သွေးဆာနေသည့် နယ်ချဲ့စစ်ဝါဒီများဟု အထင်ရှိခဲ့ကြသော်လည်း ဂျပန်နိုင်ငံသို့ ရောက်ရှိသောအခါ ဂျပန်လူမျိုးတို့၏ ပွင့်လင်းဖော်ရွေပျူဂြာမှုကို မြင်တွေ့ရသောအခါ အမှန်တရားများကို သိရှိလာကြသည်။

ခရီးသွားများ မကြာခဏမေ့ကျန်ရစ်ခဲ့သော၊ ကျပျောက်ခဲ့သော ပိုက်ဆံအိတ်များ၊ ပစ္စည်းများကို ဂျပန်တို့က ချက်ချင်းပင်တွေ့ရှိသည်နှင့် တစ်ပြိုင်နက် ပိုင်ရှင်ထံသို့ လာရောက်အပ်နှံပြန်ပေးလေ့ရှိကြသည့် ချစ်စဖွယ် ဂျပန်ယဉ်ကျေးမှုများကို ကမ္ဘာလှည့်ခရီးသွားများက အမြင်သတိတရရှိနေကြသည်။ ။

ဂျပန်နိုင်ငံ၏ ခရီးသွားလုပ်ငန်း ဤသို့ဖွံ့ဖြိုးတိုးတက်လာမှုသည် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ Abenomies ဟု အမည်ပေးထားသည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုစီမံချက်၏ အသိသာအမြင်သာဆုံး အကျိုးရလဒ်ပင် ဖြစ်သည်

Ref: Economist-June

ကဗျာတစ်ပုဒ်၊ ကြီးမြတ်ယဉ်ကျေးသော ခေါင်းဆောင်နှင့် အကြမ်းဖက်ဖြေရှင်းခြင်းမရှိပါမှ . . .

ဆူးငှက်

“- အသူတရာနက်တဲ့ ကျောက်ကမ်းပါးကြီးတစ်ခုသဖွယ်
လောကကြီးတစ်ခုလုံး မည်းမှောင်နေတဲ့
ည အမှောင်တိုက်ကြီးတစ်ခုလုံး ဖုံးအုပ်နေတဲ့ကြားက
အနိုင်မခံ အရှုံးမပေးတဲ့ ငါ့ဝိညာဉ်ကို ပေးသနားတဲ့
မည်သည့်နတ်ဘုရားပဲဖြစ်စေ
ငါကျေးဇူးတင်ပါတယ်။
- ကုသိုလ်ကအကျိုးပေး ဆိုးရွားခက်ခဲလှပေမယ့်
ငါဟာ နောက်မတွန့်ခဲ့သလို
ရှိုက်ငင်ငိုကြွေး မပြုခဲ့ဘူး
ကံကြမ္မာရဲ့ အထုအထောင်း အရိုက်အပုတ်တွေအောက်မှာ..
ငါ့ဦးခေါင်းဟာ သွေးခြင်းခြင်းနီခဲ့သော်လည်း ...
ဦးမညွှတ်ခဲ့။
- ဒဏ်ရာဒဏ်ချက်တွေ မျက်ရည်တွေ ပြည့်သိပ်နေတဲ့
ဒီလောကရဲ့ ဟိုမှာ ဘက်မှာလည်း
ကြောက်စရာအရိပ်မည်းတွေက ဖုံးလွှမ်းနေပေမည့်
အကြောက်တရားမဲ့တဲ့ ငါ့ကိုသာ
အခုလည်းတွေ့ နောင်လည်းတွေ့လိမ့်မယ်။
- တမလွန်ကို သွားရာတံခါးဝဟာ
ဘယ်လောက်ပဲကျဉ်းမြောင်းပါစေ ..
ခွေးရေပုရပိုက်မှာ ဘာတွေပဲထည့်ရေးပါစေ ...
ငါသာလျှင် ငါ့ဝိညာဉ်ရဲ့ အရှင်သခင်ဖြစ်တယ်။”



အင်္ဂလိပ်စာ ဂရမ်မာပြဆရာက အင်္ဂလိပ် ကဗျာတစ်ပုဒ်ကို အသံသြဇာ ပြည့်ပြည့် ပီပြင် ရှင်းလင်းတဲ့ အသံနဲ့ ရွတ်ဆိုတယ်။ ပြီးတာနဲ့ အဲဒီ ကဗျာရဲ့ မြန်မာ ဘာသာ ပြန်ကို အခုလို ပီပြင်စွာ အသံနေ အသံထား နဲ့ ရွတ်ဆိုပြလိုက်တော့ ထောင်ချီရှိတဲ့ ကျောင်းသားတွေဟာ ငြိမ်သက် နစ်မြောလို့. . . ။ စိတ်ဝင်တစားနားစိုက်ထောင်နေကြတာ များ အပ်ကျသံကြားရ လောက်အောင် စူးစိုက်နေကြတယ်။ ကျွန်တော်တို့ ငယ်ငယ် အလယ်တန်း ကျောင်းသားဘဝ ဆဋ္ဌမတန်းမှာ ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကို အခုလို အချိန်ရောက်တိုင်းသတိရ နေလေရဲ့. . . ။ ဟုတ်တယ်. . . ။ အဲဒီအချိန်က ဇူလိုင်လဆန်းပြီ ဆိုကတည်းက သတင်းစာ တွေရဲ့ မျက်နှာဖုံး၊ ခေါင်းစီးဘေးမှာ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံနဲ့အတူ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းကောက်နှုတ်ချက်တွေကို နေ့စဉ်ဆက်တိုက် ဖော်ပြတယ်။ ဇူလိုင် ၁၉ ရက် အာဇာနည်နေ့နီးတာနဲ့ ကျောင်းတွေမှာ အာဇာနည်နေ့အကြို ဟောပြောပွဲတွေ ကျင်းပတယ်။ စာစီစာကုံးပြိုင်ပွဲတွေ၊ ပန်းချီပြိုင်ပွဲတွေ ကျင်းပတယ်။

မှတ်မှတ်ရရ ကျွန်တော် ဆဋ္ဌမတန်းရောက်တဲ့နှစ်၊ ကျောင်းမှာ အာဇာနည်နေ့အကြို ဟောပြောပွဲကျင်းပတော့ အဲဒီကာလ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ မြို့နယ်ပါတီယူနစ်နဲ့ မြို့နယ်လမ်းစဉ် လူငယ်စည်းရုံးရေးကော်မတီက တာဝန်ရှိသူတွေ ဟောပြောကြတယ်။ ကျောင်းသားတွေက သိပ်ပြီးစိတ်မဝင်စားကြဘူး။ ထုံးစံအတိုင်း လှုပ်လှုပ်ရွရွနဲ့ပါပဲ. . . ။ အဆိုပါပုဂ္ဂိုလ်တွေ ဟောပြောအပြီး ကျောင်းသားကြီးတစ်ယောက်က ‘အာဇာနည်ဆိုတာဘာလဲ’လို့ ထမေးတော့ ချက်ချင်းမဖြေနိုင်သေးဘဲ အိုးတိုး အမ်းတမ်းဖြစ်နေချိန် အင်္ဂလိပ်ဂရမ်မာသင်တဲ့ ဆရာက ကျောင်းအုပ်ဆရာမ ကြီးကို လက်ညှိုးလေးထောင်ခွင့်တောင်းပြီး သူဖြေလို့ရပါသလားလို့ မေးတယ်။ ဆရာမကြီးက ခွင့်ပြုလိုက်တော့ ဆရာက အင်္ဂလိပ်ကဗျာတစ်ပုဒ်ကို ရွတ်ဆိုတယ်။ မြန်မာလိုဘာသာပြန်တယ်။

ဘာ့ကြောင့် အာဇာနည်လဲ

အသံသြဇာ၊ ထိမိတဲ့စကားလုံးတွေအောက်မှာ အားလုံးငြိမ်သက်သွားတော့ ဆရာက သူ့ကိုယ်ပိုင်အမူအရာ လက်ညှိုးလေးထောင်ပြီး. . .

“အာဇာနည်ဆိုတာ သတ္တိဗျတ္တိရှိပြီး
သင့်မသင့်၊ ရာမရာကို ခဏချင်းသိကာ
ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်သူ” ဆိုတဲ့ အဓိပ္ပာယ်ကိုပြောဆိုပြီး တစ်ခုချင်းရှင်းပြပါတော့တယ်။ သမိုင်းနောက်ခံအကိုးအကားတွေနဲ့ပါပဲ။ သေချာတာတစ်ခုက အလယ်တန်းကျောင်းသားကျွန်တော်တို့ နှလုံးသားတွေထဲမှာ “အာဇာနည်တွေကို ကြည်ညိုစိတ်”၊ “အာဇာနည်များကဲ့သို့ ပြုမူအတုယူ ဆောင်ရွက်လိုစိတ်”တွေ သံမှိုစွဲသလို စိုက်ဝင်ခိုင်မာသွားတာပါပဲ။ “အာဇာနည်” ဖွင့်ဆိုခြင်းနဲ့အတူ အပြောကောင်းလှတဲ့ အင်္ဂလိပ်ဂရမ်မာဆရာက ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်တဲ့ ထူးခြားမှုတွေကို အကျဉ်းချုပ် စိတ်ပိုင်းသုံးသပ်ပြသွားတာဟာ ကြက်သီးမွေးညင်းထဖွယ်ပါ။

တစ်ကြောင်းတည်းစိတ်

ဗိုလ်ချုပ်အောင်ဆန်းဟာ ကလေးအရွယ်၊ လူမမည်ဘဝကတည်းက မဟုတ်မခံစိတ်ရှိပုံ၊ ဒီနောက် နေရှင်နယ်ကျောင်းသား မောင်အောင်ဆန်း၊ ရန်ကုန်တက္ကသိုလ်ကျောင်းသား၊ သမဂ္ဂခေါင်းဆောင် ကိုအောင်ဆန်း၊ တို့ဗမာအစည်းအရုံးအဖွဲ့ဝင် နိုင်ငံရေးသမား သခင်အောင်ဆန်း၊ လွတ်လပ်ရေးတိုက်ပွဲဝင်၊ ဖက်ဆစ်ဆန့်ကျင်ရေး ရဲဘော်သုံးကျိပ် အဖွဲ့ဝင် ဗိုလ်တေဇ၊ နောက် ဗိုလ်အောင်ဆန်း၊ အစိုးရအဖွဲ့ဝင်၊ တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း. . . သူ့ဘဝ ဖြတ်သန်းမှုတိုင်းမှာ တစ်ကြောင်းတည်းစိတ်နဲ့ ယုံကြည်ချက်ခိုင်မာခဲ့ခြင်းဟာ သူငယ်ငယ်က စွဲလမ်းနှစ်သက်ခဲ့တဲ့ ကဗျာတစ်ပုဒ်ကြောင့် ဆိုပြီး ကလောင်လက်နက်စွမ်းအားထက်ပုံကို ဆရာက ပြောဟောသွားခဲ့တယ်။

သူရဲကောင်းဆိုတာ...

ကြီးလာမှ ဗိုလ်ချုပ်အောင်ဆန်း စွဲလမ်းနှစ်သက်ခဲ့တဲ့ ကဗျာဟာ We Henely ရဲ့ Invictus ဆိုတဲ့ ကဗျာဖြစ်ကြောင်းသိခဲ့ရတယ်။ လူတစ်ယောက် မွေးဖွားကြီးပြင်း လာရာမှာ မွေးရာဗီဇဆိုတဲ့ အခြေခံပေါ်မှာ ပတ်ဝန်းကျင်နဲ့အတူ စာပေရဲ့ သြဇာကြောင့် သူ့ဘဝရဲ့ ပြဋ္ဌာန်းမှုအစိတ်အပိုင်းများရဲ့ ပုံသဏ္ဌာန်တွေကို ဆင်ခြင်သုံးသပ်လာမိတယ်။ ကျွန်တော်ကိုယ်နှိုက်သည်ပင်လျှင် အသက် ၁၀ နှစ်၊ ၁၁ နှစ်သားအရွယ်က နာကြားခဲ့ရတဲ့ “အာဇာနည်နေ့ဟောပြောပွဲ” ကတစ်ဆင့် နုနယ်သေးတဲ့အသိမှာ ဗိုလ်ချုပ်အောင်ဆန်းကို သူရဲကောင်းတစ်ယောက်ဆိုတဲ့ အိပ်ရာဝင်ပုံပြင်အဖြစ်ပဲ ကြည်ညိုလေးစားခဲ့တာ ဝန်ခံပါတယ်။ သို့ပေမယ့် အပြောအဟောကောင်းလှတဲ့ အင်္ဂလိပ် ဂရမ်မာဆရာကိုကြည့်ပြီး သူ့လို ဟောချင်ပြောချင်၊ သိချင်တတ်ချင် သွားစေခဲ့တယ်ဆိုတဲ့ “ပုံသွင်း” ခံခဲ့ရမှုကိုလည်း ငြင်းလို့မရခဲ့ပါဘူး။ ဒါကြောင့် သူငယ်ချင်းကျောင်းနေဖက်၊ အိမ်နီးချင်းတွေလို ကစားမမက်တော့ဘဲ ဦးလေးဦးကြီးများရဲ့ စာအုပ်စင်တွေဆီ တကုပ်ကုပ် အချိန်ကုန်ခဲ့တာပါ။

ဒီနည်းနာတွေနဲ့ လုပ်ဆောင်ခဲ့တယ်

စာသိတွေနဲ့ ချင့်ချိန်မိတော့ ဗိုလ်ချုပ်အောင်ဆန်းဆိုတာ မိမိရောက်ရှိတဲ့ အရွယ်မှာ သူ့တိုင်းပြည် သူ့လူမျိုးအတွက် လိုအပ်ချက်ကိုသိရှိအောင် ကြိုးစားပြီး အကောင်းဆုံးပြုမူဆောင်ရွက်သွားတာပါပဲ။ အဲဒီအချိန် သူ့တိုင်းပြည် သူ့လူမျိုးရဲ့ အဓိကအရေးတကြီးလိုအပ်ချက်က ဘာလဲ. . . ။ တိုင်းပြည် သူ့ကျွန်ဘဝလွတ်မြောက်ရေး. . . ၊ အမျိုးသားလွတ်လပ်ရေးပါပဲ။ ဒီဦးတည်ချက်ကို မမှိတ်မသုန်စူးစိုက်ပြီး “ပညာဥာဏ်”နဲ့ အကောင်းဆုံးဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းပါ။ ဒီလုပ်ဆောင်ချက်များမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ဒီအရည်အချင်းတွေ၊ ဒီနည်းနာတွေနဲ့ လုပ်ဆောင်ခဲ့တာပါ။

(၁) ရိုးသားဖြောင့်မတ်တယ်။
(၂) ကြိုးစားအားထုတ်တယ်။
(၃) ဇွဲလုံ့လ ဝီရိယ စိုက်ထုတ်တယ်။
(၄) အမြော်အမြင်ကြီးမားတယ်။

မိတ်ဆွေကောင်းစာပေ

ရိုးသားဖြောင့်မတ်တယ်ဆိုရာမှာ မူလဗီဇသန္ဓေကြောင့်လည်း ဖြစ်သလို၊ ကြီးပြင်းရာပတ်ဝန်းကျင်နဲ့ လေ့လာဖတ်ရှုမှု စာအုပ်စာပေတွေကလည်း ထောက်ကူတယ်။ ဒီအချက်အတွက် ဥပမေ၊ ဥပမေယျတွေ အများကြီးပါပဲ။ ချုပ်လိုက်ရင် ပတ်ဝန်းကျင်ကောင်း၊ မိတ်ဆွေကောင်း (စာပေအပါအဝင်)၊ ဆရာကောင်းတွေနဲ့ ဆည်းကပ်တွေ့ထိခြင်းပါပဲ။

အနိုင်မခံ

နောက်. . ကြိုးစားအားထုတ်တယ်ဆိုရာမှာ Invictus ကဗျာကို စွဲလမ်းနှစ်ခြိုက်သူဟာ. . . “မည်းမှောင်နေတဲ့ ညအမှောင်တိုက်ကြီး ဖုံးအုပ်နေတဲ့ကြားက အနိုင်မခံအရှုံးမပေးတဲ့ ငါ့ဝိညာဉ်. . .”ဆိုတဲ့ ချပ်ဝတ်တန်ဆာကို ကိုယ်နဲ့မကွာ ဝတ်ဆင်လိုက်ကတည်းက ကြိုးစားအားထုတ်မယ်ဆိုတဲ့ သန္ဓိဋ္ဌာန်က ချမှတ်ပြီးသားပါပဲ။

အလားတူ. . “ကံကြမ္မာရဲ့ အထုအထောင်း၊ အရိုက်အပုတ်တွေအောက်မှာ ငါဦးခေါင်းသည် သွေးခြင်းခြင်းနီသော်လည်း ဦးမညွှတ်ခဲ့”လို့ နှလုံးသွင်းနေသူဟာ အခက်အခဲပေါင်းစုံကို “ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကျော်ဖြတ်”မှာပါပဲ။

“. . . ကြောက်စရာ အရိပ်မည်းတွေကဖုံးလွှမ်းနေပေမယ့် အကြောက်တရားမဲ့တဲ့ငါ့ကိုသာ အခုလည်းတွေ့ နောင်လည်းတွေ့လိမ့်မယ်”. . . လို့ အစဉ်ကြွေးကြော်နေသူဟာ “အကြောက်တရားမဲ့” ခြင်းကို နောင်အစဉ်အထိ သိရှိသဘောပေါက်နိုင်ဖို့က “အမြော်အမြင်ကြီးမား”မှပဲ မဟုတ်ပါလား. . . ။

ဒီအရည်အချင်းတွေက ဗိုလ်ချုပ်အောင်ဆန်းကို အလေးအမြတ်ပြုဖွယ် အမျိုးသားခေါင်းဆောင် အာဇာနည်အဖြစ် “ပြည်ထောင်စုမြန်မာနိုင်ငံ”က ထိုက်တန်စွာ ရရှိလိုက်ခြင်းပါပဲ။

ကြီးမြတ်ယဉ်ကျေးသောခေါင်းဆောင်

ကျွန်တော်တို့တစ်တွေဟာ နှစ်စဉ် အာဇာနည်နေ့ရောက်တိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွသော အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းဆွတ်တသ ဂုဏ်ပြုအလေးပြုနေကြခြင်းနဲ့အတူ ကြီးမြတ်ယဉ်ကျေးသော ခေါင်းဆောင်တစ်ယောက်အတွက် လိုအပ်တဲ့ ရိုးသားဖြောင့်မတ်ခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ခြင်းနဲ့ အမြော်အမြင်ကြီးမားခြင်းဆိုတဲ့ အရည်အချင်းတွေ မွေးမြူကျင့်သုံးနိုင်ကြဖို့ အားထုတ်ကြခြင်း၊ အားထုတ်ကြရန် ပြောဟောရေးသားခြင်းများ လေးနက်စွာပြုမူကြရပါမယ်။

အကြမ်းဖက်ဖြေရှင်းခြင်းမရှိမှ

ဒီထက်ပိုမိုအရေးကြီးတာက ယုတ်မာရက်စက် အကြံပက်စက်စွာနဲ့ “အကြမ်းဖက်ဖြေရှင်းခြင်း”ဆိုတဲ့ စက်ဆုတ်ဖွယ် အပြုအမူတွေကို ဆန့်ကျင်ကြရပါမယ်။ ငြင်းဆန်ကြရပါမယ်။

ဒီကနေ့ ကျွန်တော်တို့နိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးက ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းအတွက် အကြီးမားဆုံး အဟန့်အတားဟာ “အကြမ်းဖက်ဖြေရှင်းခြင်း” နည်းလမ်းပါပဲ။ “ညှိနှိုင်းဆွေးနွေး မျက်နှာချင်းဆိုင် အဖြေရှာခြင်း”ဟာ ယဉ်ကျေးသော လူ့အဖွဲ့အစည်းရဲ့ မှန်ကန်တဲ့နည်းနာပါ။ ကျွန်တော်တို့ လက်နက်နဲ့ ဖြေရှင်းသောနည်းလမ်းများကို စက်ဆုပ်ရွံရှာနေပါပြီ။ အကြမ်းဖက်ဖြေရှင်းခြင်း အပြုအမူတွေကို ဆန့်ကျင်ကန့်ကွက်နေပါပြီ။ ကမ္ဘာမြေကြီး ငြိမ်းချမ်းပါစေ. . . ။ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ. . . ။

ငြိမ်းချမ်းမှ ညီညွတ်ကြပါမယ်။

ညီညွတ်မှ. . . တိုးတက်ယဉ်ကျေးသော လူ့အဖွဲ့အစည်း ထူထောင်နိုင်မှာ မဟုတ်ပါလား . . . ။

အကြမ်းဖက်ဖြေရှင်းခြင်းကြောင့် မြန်မာသာမက ကမ္ဘာပေါ်ရှိ ကြီးမြတ်ယဉ်ကျေးသော ခေါင်းဆောင်လောင်း၊ ခေါင်းဆောင်ကောင်းများ မဆုံးရှုံးစေသင့်တော့ပါဘူး။ ။

လွှတ်တော်ကပြဋ္ဌာန်းလိုက်သည့်ဥပဒေများသည် အုပ်စုတစ်စု၊ အဖွဲ့တစ်ဖွဲ့အတွက်မဟုတ်ဘဲ ပြည်သူများ၏အကျိုးစီးပွားကိုကာကွယ်ရန်ဖြစ်

ပဲခူး ဇူလိုင် ၁၈

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဇူလိုင် ၁၇ ရက်မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စည်ပင်သာယာခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ပြင်ပ ပြည်သူနှင့်တွေ့ဆုံသည့် လုပ်ငန်းများသည် များစွာ ထိရောက်မှုရှိပါကြောင်း၊ လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် နိုင်ငံအတွက် အလွန် အရေးကြီးပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲဖြစ်အောင် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်း။

ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်၌ အဓိက တာဝန်ရှိသော်လည်း ကော်မရှင်၏တာဝန်ဟုသာ သဘောမထားဘဲ လူမှုရေးအဖွဲ့အစည်းများ ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ၊ စည်ပင်သာယာရေး ကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီများနှင့် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာ၌ အဓိကကျသည့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ကော်မရှင်နှင့်အတူ လုံခြုံရေးတာဝန်ယူထားသူများကလည်း ဝိုင်းဝန်းကူညီကြရန် လိုကြောင်း။

မြို့နယ်အတွင်း ပညာရည်အဆင့်မြင့်မားရေး၊ လျှပ်စစ်မီးလင်းရေး၊ စိုက်ပျိုးရေးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူ ပြည်သူများကလက်တွဲ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးလွှတ်တော်တို့၏ သိရှိနားလည်မှုသည်လည်း အရေးကြီးပါကြောင်း၊ ဖြူးမြို့နယ်ကို စံပြမြို့နယ်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြသူများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဇူလိုင် ၁၈ ရက်နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ သုဓမ္မရာမပရိယတ္တိစာသင်တိုက် သာသနာ့ဝိမာန်တော်၌ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရသစ်လက်ထက်၌ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုခရီးရောက်ပြီး တည်ငြိမ်အေးချမ်းမှုရှိလာခဲ့ကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေး ကဏ္ဍပေါင်းစုံ၌ တိုးတက်မှုရှိလာပြီဟု ပြောနိုင်သော်လည်း စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍတို့တွင် ပိုမိုတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

ပြည်သူ့အသံ-လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက်-လွှတ်တော်က ဖော်ဆောင်ရွက် ဟူသော ဆောင်ပုဒ်ကို ဖော်ဆောင်နိုင်ရန် လွှတ်တော်နားရက်များတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ထဲတွင် မကြားသိနိုင်သည့် အသံများကို ကိုယ်တိုင်ကြားသိရသဖြင့် အကျိုးများစွာ ဖြစ်ထွန်းပါကြောင်း၊ လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် အုပ်စုတစ်စု၊ အဖွဲ့တစ်ဖွဲ့အတွက်မဟုတ်ဘဲ ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်ရန် ဖြစ်ပါကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာ အုပ်စုဆိုသော်လည်း မြို့အင်္ဂါရပ် အတော်အတန် ပြည့်စုံပှရှိသည်ဟု သိရှိရ၍ဝမ်းမြောက်ပါကြောင်း၊ ရောက်ရှိရန်ခက်ခဲသည့်ဖော်တော်သီဒေသသို့ မိမိတို့ရောက်ရှိခိုက်တင်ပြလိုသည်များကို ပွင့်ပွင့်လင်းလင်းတင်ပြကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လာမည့်ရွေးကောက်ပွဲသည် မိမိတို့နိုင်ငံအတွက်သာမက မိမိတို့ဒေသက်ကြမ္မာ၊ မိမိတို့ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်က ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများထုတ်ပြန်ထားပြီးဖြစ်၍ အဆိုပါ ဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်မှသာလျှင် အောင်မြင်မည်ဖြစ်ကြောင်း၊ ဖောင်တော်သီဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းကသာမက ကော်မတီများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် မိမိတို့မျှော်မှန်းသကဲ့သို့ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ယနေ့နံနက်ပိုင်းတွင် ဖြူးမြို့နယ် ကည္ဇတ်ကွင်းမြို့ ငါးထပ်ကြီးဘုရားမမ္မာရုံ၌ ကည္ဇတ်ကွင်းမြို့ ရွာလည်ကျောင်းတိုက် ပဓာန နာယကဆရာတော် အမျှူးပြုသော ဆရာတော်သံယာတော်များအား တိုင်းပြည်အတွက် အသက်ပေးလျူသွားကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီးများနှင့် စစ်သည်အပေါင်းအား ရည်စူး၍ အရုဏ်ဆွမ်း၊ ဝါဆိုသက်နန်းနှင့် လျူဖွယ်ပစ္စည်းများကို ဆက်ကပ်လျှာဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ သုဓမ္မရာမပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး စာသင်တိုက် ပဓာနနာယက ဆရာတော် အမျှူးပြုသော ဆရာတော် သံယာတော်များအား လျူဖွယ်ပစ္စည်းများ ဆက်ကပ်လျှာဒါန်းသည်။

အလားတူ မွန်းလွဲပိုင်းတွင် ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာ အုပ်စု ရတနာဘုံကျော်ကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက် ပဓာနနာယကဆရာတော် အမျှူးပြုသော ဆရာတော် သံယာတော်များအား လျူဖွယ်ပစ္စည်းများ ဆက်ကပ်လျှာဒါန်းခဲ့သည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကန့်ဘလူ၊ ရေဦးနှင့် ဒီပဲယင်းမြို့နယ်များ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပွား

နေပြည်တော် ဇူလိုင် ၁၈

၂၀၁၅ ခုနှစ် ဇူလိုင် ၁၆၊ ၁၇ နှင့် ၁၈ ရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၊ ရေဦးမြို့နယ်နှင့် ဒီပဲယင်းမြို့နယ်များအတွင်း၌ ရေကြီးနစ်မြုပ်မှုများနှင့် လမ်းတံတားအချို့ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ကန့်ဘလူမြို့နယ် အတွင်း၌ ထန်းကုန်းကျေးရွာ၊ ကန်သာယာရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်နှင့် စည်ပင်သာယာဈေးအတွင်း ရေအနက် သုံးပေခန့် ဝင်ရောက်ခဲ့ပြီး ရွှေဘို-မြစ်ကြီးနားလမ်း ၇၂/၂ နှင့် ၇၂/၃ အကြား၌ ကားလမ်းရေကျော်မှု ဖြစ်ပွားခဲ့သည်။

ထို့အပြင် ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် ၆၉/၂ နှင့် ၆၉/၃ အကြားရှိ အင်ရိုးချောင်း ကွန်ကရစ်တံတားမှာ ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွား၍ ယာဉ်သွားလာမှုများ ခေတ္တပြတ်တောက်ခဲ့ပြီး ပြန်လည်ပြုပြင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ရေဦးမြို့နယ်အတွင်း၌ ရေဦးတူးမြောင်း ရေထိန်းနံရံ လျှောကျခြင်း၊ ကင်းတပ်လက်ယာမြောင်း မြောင်းပေါင် ပေ ၂၀၀ ခန့် ပျက်စီးခြင်း၊ တင်းတိန်ရံ-ဇေယျဝတီလမ်းရှိ ချောင်းကူးတံတားနှင့် ဆိုင်ကယ်ကူးတံတားနှစ်စင်း ချောင်းရေဖြင့် မျောပါခြင်းတို့ ဖြစ်ပွားခဲ့သည်။ ရေဦးမြို့ပေါ်ရှိ ဗိုလ်အောင်ဇေယျ ရပ်ကွက် ရေအနက် နှစ်ပေခန့် ဝင်ရောက်ကာ အောင်မင်္ဂလာရပ်ကွက်ရှိ သဲပုံစေတီတံတားသည် ရေစီးနှင့် မျောပါသွားခဲ့ပြီး မူးမြစ်ကမ်းဘေးအနိမ့်ပိုင်းရှိ နေအိမ် ၃၁ လုံး ရေနစ်မြုပ်ခဲ့သဖြင့် ရေဘေးဒုက္ခသည် အမျိုးသား ၆၉ ဦး၊ အမျိုးသမီး ၁၀၁ ဦး စုစုပေါင်း ၁၇၀ တို့အား အောင်မင်္ဂလာရပ်ကွက် မိုးလုံလေလုံ အားကစားခန်းမ၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ မုတ်စီကျေးရွာ အရှေ့ဘက်ခြမ်းရှိ စပါးခင်း ၁၀ ဧက ရေလွှမ်းမိုးခဲ့ကြောင်း သိရသည်။

ထို့အတူ ဒီပဲယင်းမြို့နယ်အတွင်း၌ မူးမြစ်ကမ်းပေါင် ရေတိုက်စားကျိုးပေါက်မှုကြောင့် လယ်မြေ ရှစ်ဧကခန့် ရေနစ်မြုပ်ခဲ့ပြီး ရေဦး-မုံရွာကားလမ်း မိုင်တိုင် အမှတ် ၁၂/၃ နှင့် ၁၂၅/၈ တို့တွင် ကားလမ်း ရေကျော်မှု ဖြစ်ပွားခဲ့သော်လည်း လမ်းပိတ်ဆို့မှုမရှိဘဲ ဖြတ်သန်းသွားလာနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကန့်ဘလူမြို့နယ် လူနေအိမ်များအတွင်း ရေများဝင်ရောက်မှုကြောင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ထမင်းနှင့်ရေသန့်ဘူးများ လိုက်လံဝေငှပေးစဉ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

❍ *ကျောဖုံးမှ*

ခုနောက်ပိုင်း အာဇာနည်နေ့တက်ရောက်ဂါရဝပြုမယ်ဆိုရင် သက်ဆိုင်ရာက လိုအပ်တာ ဘာရှိလဲ၊ ကားလိုလားစသဖြင့် မေးပါတယ်။ အဲဒီအတွက်လည်း ဝမ်းသာပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ အခုချိန်ထိ ဘာအကူအညီ၊ ဘာအခွင့်အရေးမှ မတောင်းခဲ့ပါဘူး။

အာဇာနည်နေ့ အဖေတို့ဖြစ်တဲ့အချိန်မှာ ကျွန်တော်က တောင်ကြီးမှာ ကျောင်းတက်နေတာ ၁၀ နှစ်သားအရွယ်လောက်ပေါ့။ အဖေက ဖြစ်ဖြစ်ချင်း ဇူလိုင် ၁၉ ရက်နေ့မှာ မဆုံးဘဲ နောက်နေ့ ၂၀ ရက်နေ့မှ ရန်ကုန် ဆေးရုံကြီးမှာ ဆုံးတယ်။ သွေးလွန်ပြီးဆုံးတယ်ပြောရမှာပေါ့။ ဒဏ်ရာကတော့ လည်ပင်းမှာ တစ်ချက်၊ အောက်ဆီးစပ်မှာတစ်ချက် ထိခဲ့ပြီးဆုံးသွားတာပါ။

အဖေဆုံးတဲ့အချိန် ကျွန်တော့်အနေနဲ့ အမှတ်ရစေခဲ့တဲ့အချက်တစ်ခုကတော့ တောင်ကြီးမှာ ဌက်လိုက်ပစ်နေတဲ့အချိန် အိမ်ပြန်ရောက်တော့ အဘိုးတော်စပ်သူက မင်းကသူများအသက်ကို လိုက်သတ်နေတယ်။ ခုမင်းအဖေသေပြီလားမသိဘူးဆိုတဲ့ စကားတစ်ခွန်းက ခုချိန်ထိ ကျွန်တော့်ကို သတိတရဖြစ်စေခဲ့တယ်။

ကျွန်တော်တို့ ကျန်ရစ်တဲ့ မိသားစုဝင်တွေအနေနဲ့ကတော့ နှစ်စဉ် အဖေဆုံးတဲ့ ဇူလိုင်လ ၂၀ ရက်နေ့ရောက်တိုင်း ဆွမ်းကပ်လှူဒါန်း ဒါနပြုတာတွေလုပ်ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေအနေနဲ့ ခုနောက်ပိုင်း အာဇာနည်နေ့ကို အရင်ထက် ပိုပြီးတော့ ဂရုတစိုက်လုပ်ဆောင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်ရစ်သူမိသားစုဝင်အနေနဲ့ ဝမ်းလည်းသာပါတယ်။

ဦးထွေးဝင်း (အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ အငယ်ဆုံးသား)

အဖေဆုံးတဲ့အချိန် ဇူလိုင်လ ၁၉ ရက်နေ့မှာ အဖေ့အသက်က ၄၇ နှစ်ပါ။ မဆုံးခင် အဖေက ရေနံချောင်းအမျိုးသားကျောင်းမှာ ကျောင်းအုပ်လုပ်နေရင်း အမတ်အရွေးခံပြီး ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် ရန်ကုန်ကို လာရောက်ထမ်းဆောင်နေတဲ့အချိန်ပေါ့။ ပြောရရင် အဖေက ကျောင်းဆရာအလုပ်ကိုပဲ သူကဝါသနာပါတာ။ အဲဒီအချိန်မှာ ညီဖြစ်တဲ့ ဗိုလ်ချုပ်က ပြည်သူ့လေးစားချစ်ခင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်နေတဲ့အချိန်။

သူ့ထက် အတွေ့အကြုံရင့်တဲ့၊ လေးစားဖြူစင်တဲ့ စိတ်ထားရှိသူတွေကို တိုင်းပြည်ထူထောင်ဖို့အတွက် လိုအပ်နေတဲ့အချိန်ပေါ့။ အဲဒါနဲ့ ဒီးဒုတ်ဦးဘချို့တို့ရဲ့ အကြံပေးမှုနဲ့ အဖေ့ကို ရေနံချောင်းကနေ အမတ်အဖြစ် အရွေးခံပြီး ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့တာဖြစ်တယ်။

အဖေတို့ ညီအစ်ကိုမောင်နှမခြောက်ဦးက ဦးဘဝင်း၊ ဒေါ်ခင်ညွန့်၊ ဒေါ်ဝက်၊ ဦးနေအောင်၊ ဦးအောင်သန်းနဲ့ အငယ်ဆုံးကတော့ဗိုလ်ချုပ်အောင်ဆန်းပေါ့။ ကျွန်တော်က အဲဒီအချိန်မှာ ရှစ်လသားအရွယ်ပဲ ရှိသေးတာ။

ဦးဘဝင်း

ပြောရရင် အဖေက ကျောင်းဆရာအလုပ်ကိုပဲ သူကဝါသနာပါတာ။ အဲဒီအချိန်မှာ ညီဖြစ်တဲ့ ဗိုလ်ချုပ်က ပြည်သူ့လေးစားချစ်ခင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်နေတဲ့အချိန်။

ကျွန်တော်က ညီအစ်ကို၊ မောင်နှမခြောက်ဦးထဲက အငယ်ဆုံးသားပါ။

အာဇာနည်နေ့တိုင်း ကျွန်တော်တို့ မိသားစုဝင်တွေအနေနဲ့ နှစ်စဉ်တက်ရောက် ဂါရဝပြု လွမ်းသူ့ပန်းခွေချဖြစ်ခဲ့ပါတယ်။ ခုနောက်ပိုင်းအမေက အသက်ကြီးလာတော့ ကျွန်တော်ပဲ တက်ဖြစ်တာပါ။ တဖြည်းဖြည်းနဲ့တော့ အရင်ကနဲ့စာရင် အာဇာနည်နေ့ကို နိုင်ငံတော်အကြီးအကဲတွေ နည်းနည်းတော့ အာရုံရှိလာပါပြီ။ အရင်ကဆို ကျွန်တော်မှတ်မိသလောက် ပိုလ်ချုပ်ကြီးနေဝင်းလာတက်တယ်။ အဲဒီနောက်ပိုင်း မြို့တော်ဝန်အဆင့်ပဲ တက်ခဲ့တာ။

မနှစ်က ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းတက်တယ်ဆိုတော့ နည်းနည်းတော့ အာရုံရှိလာတဲ့သဘောပေါ့။ တိုင်းပြည်ရဲ့ ဗိသုကာ၊ တိုင်းပြည်ကို ပုံဖော်ခဲ့တဲ့ အာဇာနည်တွေလို့လည်း ပြောတယ်။ အရင်တုန်းက သမ္မတကြီးတွေတောင် တက်ရောက်ဂါရဝပြုခဲ့သေးတာပါ။ သမ္မတတို့၊ ကာကွယ်ရေးဦးစီးချုပ်တို့ ကိုယ်တိုင်တက်စေချင်လို့ ပြောတဲ့ သဘောမဟုတ်ပါဘူး။ ဖြစ်သင့်တာကို ပြောတာပါ။ ခုနောက်ပိုင်းနှစ်တွေမှာတော့ အာဇာနည်နေ့ရောက်တိုင်း မြို့တော်စည်ပင်က လူကြီးတစ်ယောက်လာခေါ်တယ်။ နည်းနည်းတော့ ပြောင်းလဲလာပါပြီ။ အရင်နဲ့ စာရင်ပေါ့။

ဒေါ်မမကြီး(ရဲဘော်ကိုထွေးတူမ၊ ကျောင်းဆရာမ-ဗြိမ်း)

ကျွန်မက ရဲဘော်ကိုထွေးရဲ့အစ်မ ဒေါ်ကြည်ကြည်ရဲ့သမီး ဖြစ်ပါတယ်။ ရဲဘော် ကိုထွေးမှာ မွေးချင်းခြောက်ဦးရှိပါတယ်။ ဦးအောင်သန်းစိန်၊ ဒေါ်အေးကြည်၊ ဦးသာချို၊ ဒေါ်ကြည်ကြည်၊ ဦးသာမောင်နဲ့ အငယ်ဆုံး

စာမျက်နှာ ၉ သို့

ဦးထွေးဝင်း (အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ အငယ်ဆုံးသား)

အာဇာနည်ပန်း ဗိုလ်အောင်ဆန်း

★ သာကီနွယ်ဖွား မြန်ပြည်သားတို့
တိုင်းခြားလက်အောက် ကျွန်သပေါက်မှ
လွတ်မြောက်စေရန် စိတ်ရည်သန်၍
တော်လှန်နယ်ချဲ့ တိုက်ထုတ်ခဲ့ကာ
တစ်လှည့်ကြုံပြန် ဖက်ဆစ်ရန်လည်း
တုံ့ပြန်မနေး ဇာတိသွေးပြ
လွတ်ရေးအမှန် ဦးထိပ်ပန်လျက်
အမှန်ကိုယ်ကျိုးစွန့်ခဲ့သူ။

★ သွေးဆောင်၍သာ ပေးမြှုလာသည့်
နယ်ချဲ့မာယာ ထိုင်းစာကို
သူ့မှာမမက် တိုင်းပြည်တွက်လျှင်
အသက်သေစေ ဓိဋ္ဌာန်တွေနှင့်
ဒို့ပြည်(ပြေ)လွတ်ရေး သူ့အရေးမို့
ပြည်သူ့မျက်ရည် သူ့မျက်ရည်ပင်
ပြည်သူ့ဒုက္ခ သူ့ဘဝမို့
ပြည်သူ့ဒဏ်ရာ သူ့ရောဂါဟု
စိတ်မှာစွဲနှစ် မြန်ပြည်သစ်တွက်
ဘဝနှစ်ကာ ဆောင်ရွက်ပါလည်း
ယုတ်မာမိုက်မူး အာဏာရူးတို့
ပေါင်းပူးကြံစည် ပစ်ခတ်သည်ကြောင့်
ဒို့ပြည်တဝန်း မျက်ရည်လွမ်းအောင်
ကိုးပန်းဇာနည် ကြွေခဲ့သည်။

★ တစ်ရံခါဆီ အာဇာနည်တို့
ဖြေမဆည်နိုင် နွမ်းလျယိုင်သည့်
ဇူလိုင်အညှိုး တစ်ဆယ့်ကိုးတွေ
လွမ်းမိုးပြန်သစ် ခြောက်ဆယ့်ရှစ်ထိ
အသစ်ဖြစ်ကာ လွမ်းငွေ့ဖြာဆဲ
အာဇာနည်များ တို့လေးစားလျှင်
စကားမှတ်တမ်း ဗိုလ်အောင်ဆန်း၏
မျှော်မှန်းလမ်းစဉ် တို့ပါဝင်၍
အစဉ်တိုင်းကျိုး ရွက်သယ်ပိုးမှ
မသေမည်ပြီး ဇာနည်အဘိုးအား
ချစ်ရာလွမ်းရာ ရောက်ပေမည်။ ။

(၆၈)နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုလျက်-

ကျော်ဆွေဝင်း(ရွှေအင်း)

မဲရုံများလုံခြုံရေး အထူးရဲများ လာရောက်လျှောက်ထားသူများပြား

တောင်သာ ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ရွေးကောက်ပွဲကာလအတွင်း မဲရုံများတွင် လုံခြုံရေးဆောင်ရွက်ရန် အထူးရဲများ ခေါ်ယူလျက်ရှိရာ လာရောက်လျှောက်ထားသူ များပြားလျက်ရှိကြောင်း သိရသည်။

တောင်သာမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ ဇူလိုင် ၁၈ ရက်အထိ ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးဆောင်ရွက်ရန် အထူးရဲအဖြစ်လာရောက်လျှောက်ထားသူ ၂၃၁ ဦးအား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုးကြပ်စစ်ဆေးခဲ့ကြသည်။

လာမည့်ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးဆောင်ရွက်နိုင်ရန် အထူးရဲ လျှောက်ထားသူများသည် နီးစပ်ရာရဲစခန်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများသို့ ဆက်သွယ်၍ လျှောက်ထားနိုင်ကြောင်းလည်း တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

ကိုထွေးလုပ်ကြံမခံရခင် ဇူလိုင်လ ၁၈ ရက်နေ့မှာ ကိုထွေးဆုရခဲ့တဲ့ ဘူးလေးက အိမ်နံရံမှာ ချိတ်ထားရာကနေ သူ့အလိုလို ပြုတ်ကျသွားတယ်။ အဲဒါ ကိုထွေးရဲ့အဘွားက ဒါနိမိတ်မကောင်းဘူး။ ငါ့မြေးတစ်ခုခုများ ဖြစ်မလားဆိုပြီး တဖွဖွပြောနေတာ။ နောက်နေ့ ဇူလိုင်လ ၁၉ ရက်နေ့မှာပဲ ပိုလ်ချုပ်တို့ လုပ်ကြံခံရတာ

ကိုထွေး

ဒေါ်မမကြီး(ရဲဘော် ကိုထွေး၏တူမ ကျောင်းဆရာမ-ငြိမ်း)

စာမျက်နှာ ၈ မှ

သားကိုထွေး ဖြစ်ပါတယ်။ ကျွန်မအမေက ကိုထွေးနဲ့ပတ်သက်ပြီး ပြောခဲ့တာကတော့ ကိုထွေးကို မိသားစုတွေက ကိုကိုလို့ခေါ်ကြတယ်။

ကိုထွေးက ငယ်ငယ်ကတည်းက တိုက်ခိုက်တာတွေ ဝါသနာပါတယ်။ ကိုထွေးတို့မိသားစုက မန္တလေးမှာနေကြတာ။ မန္တလေးမှာ ဦးရာဇတ်အိမ်နဲ့ ဘေးချင်းကပ်ပေါ့။ ဦးရာဇတ်က ကိုထွေးကို အလွန်ချစ်တယ်။ ဦးရာဇတ် ဝန်ကြီးဖြစ်တော့ သက်တော်စောင့်အနေနဲ့ ခေါ်လို့လုပ်ဖြစ်သွားတာ။

ဦးရာဇတ် ရန်ကုန်မှာ တာဝန်ယူထမ်းဆောင်တော့ ကျွန်မတို့အမေနေထိုင်တဲ့ ၃၁ လမ်း၊ အောက်ဘလောက်၊ အမှတ် ၇၂ မှာ ရဲဘော်ကိုထွေးက လာနေတယ်။ တစ်ခါတလေ ပြန်မအိပ်ဘဲ ဦးရာဇတ်တာဝန်နဲ့သွားရာ လိုက်သွားတတ်တယ်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက်ပိုင်းက အိမ်မှာ မိုးကာအင်္ကျီလာယူသွားသေးတယ်။ ပြီးမှ အတွင်းဝန်ရုံးကို သွားခဲ့တဲ့အချိန်မှာ လုပ်ကြံခံခဲ့ရတာ။

ကိုထွေးလုပ်ကြံမခံရခင် ဇူလိုင်လ ၁၈ ရက်နေ့မှာ ကိုထွေးဆုရခဲ့တဲ့ ဘူးလေးက အိမ်နံရံမှာ ချိတ်ထားရာကနေ သူ့အလိုလိုပြုတ်ကျသွားတယ်။ အဲဒါ ကိုထွေးရဲ့အဘွားက ဒါနိမိတ်မကောင်းဘူး။ ငါ့မြေးတစ်ခုခုများ ဖြစ်မလားဆိုပြီး တဖွဖွပြောနေတာ။ နောက်နေ့ ဇူလိုင်လ ၁၉ ရက်နေ့မှာပဲ ပိုလ်ချုပ်တို့ လုပ်ကြံခံရတာ ဖုန်းဆက်ပြောလို့ သိရပြီး ယူကျုံးမရဖြစ်ခဲ့ရတယ်။

ဒီလိုလုပ်ကြံခံရတော့ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းနဲ့ ကိုထွေးတို့နှစ်ဦးပဲ ဆေးရုံကြီးရောက်ပြီးမှ ဆုံးသွားကြတာ။ ဒဏ်ရာတွေနဲ့ ဆေးရုံရောက်တော့ အဘိုးက သွားကြည့်တယ်။ အဘိုးကို မှတ်မိတဲ့အနေနဲ့ တစ်ချက်ကြည့်ပြီး လက်လှမ်းပေးပြီးမှ ဆုံးသွားခဲ့တယ်လို့ အဘိုးက ပြောပြခဲ့တယ်။

အာဇာနည်နေ့ရောက်တိုင်း နိုင်ငံတော်အစီအစဉ်နဲ့ လွမ်းသူ့ပန်းခွေသွားချရင်း မွန်းလွဲပိုင်းမှာ သူ့အတွက်ရည်စူးပြီး အလှူလုပ်ပေးတယ်။ ဦးရာဇတ်နဲ့ ကိုထွေးရဲ့ အုတ်ဂူထားရာ တာမွေသချိုင်းမှာ နှစ်တိုင်းဆုတောင်းမှု ပြုလုပ်ခဲ့တယ်။ ဒီနှစ်လည်း အာဇာနည်နေ့ အခမ်းအနားတက်ရောက်မှာပါ။ ဦးလေးဖြစ်သူအတွက် ကောင်းမှုကုသိုလ်လုပ်ဆောင်ပေးဖို့ စိတ်ကူးထားပါတယ်။

နိုင်ငံနှင့် ပြည်သူအတွက် အသက်ပေးခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား မြန်မာပြည်သူတစ်ရပ်လုံးက မေ့ဖျောက်လို့မရ လွမ်းဆွတ်နေကြမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

(မြန်မာ့အလင်း)

DVB Multimedia Group (၂၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

DVB Multimedia Group ၏(၂၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် DVB Multimedia Group ဒါရိုက်တာ ဦးအေးချမ်းနိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဒီမိုကရေစီ အစိုးရလက်ထက်တွင် ခေတ်နှင့်လျော်ညီသော မီဒီယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှု၊ သတင်းရယူခွင့်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသို့ သတင်းလာရောက်ရယူလိုသည့် သတင်းထောက်များအတွက် သတင်းထောက်ဗီဇာ အမြန်ရရှိရေး ဆောင်ရွက်ပေးမှု အခြေအနေ၊ စာနယ်ဇင်းဆိုင်ရာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းအွန်လိုင်း မီဒီယာများ ခွင့်ပြုပေးခဲ့မှု အခြေအနေများနှင့် မြန်မာ့မီဒီယာလောက ပိုမိုဖြစ်ထွန်းအောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန်၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဦးထိပ်ထားဆောင်ရွက်ပေးကြရန်နှင့်ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့်အမျိုးသားရေးတာဝန်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒဲရစ် မစ်ချယ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး DVB Multimedia Group ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက DVB ၏နိုင်ငံရေးဖြစ်စဉ်များနှင့်အတူ ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်စာရေးဆရာဖေမြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး DVB Multimedia Group Sale Director, Mr. Christopher Joseph Hajecki က အမှာစကားပြောကြားကာ ကဗျာဆရာငြိမ်းဝေက ဂုဏ်ပြုကဗျာရွတ်ဖတ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန အမြတမ်းအတွင်းဝန် ဦးတင့်ဆွေ၊ နိုင်ငံရေးပါတီများမှပုဂ္ဂိုလ်များ၊ DVB အားငွေကြေးထောက်ပံ့ခဲ့သည့် အလှူရှင်များ၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းနှင့် ပြည်တွင်းပြည်ပမီဒီယာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကံစမ်းမဲဖောက်၍ အမှတ်တရလက်ဆောင် ပေးကာ အခမ်းအနားကို ရှုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

ကမ္ဘောဇအသင်း အိမ်ကွင်း၌ အမှတ်ပြည့်ရခဲ့ပြီး မကွေး၊ ရတနာပုံ၊ ဇွဲကပင်နှင့်မနောမြေတို့နိုင်

ကမ္ဘောဇအသင်းမှ ဇေယျာရွှေမြေ ဘက်သို့ ဂိုးသွင်းယူစဉ်။ ဓာတ်ပုံ ဖိုးသော်ဇင်

ရန်ကုန် ဇူလိုင် ၁၈

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၂) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပခဲ့သည်။

တောင်ကြီးကွင်း၌ ကစားသော ကမ္ဘောဇနှင့် ဇေယျာရွှေမြေတို့ပွဲ၌ ကမ္ဘောဇက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

နိုင်ပွဲပြန်လည်ရယူ

အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ နောက်ပိုင်းပွဲစဉ်များနှင့် ရှုံး/ထွက်ပြိုင်ပွဲတို့တွင် နိုင်ပွဲများ ဆက်တိုက်ပျောက်ဆုံးနေသည့် ကမ္ဘောဇအသင်းမှာ ဒုတိယအကျော့ဖွင့်ပွဲတွင် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးပြိုင်ပွဲတွင် နောက်ဆုံး နှစ်ပွဲဆက်တိုက်အနိုင်ရထားသည့် ဇေယျာရွှေမြေအသင်းမှာ အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း ရလဒ်ကောင်း ရယူနိုင်ခဲ့ခြင်းမရှိပေ။

အောင်ဆန်းကွင်း၌ကစားသော မကွေးနှင့် ရခိုင်ယူနိုက်တက်တို့ပွဲတွင် မကွေးက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး မကွေးတို့ ခြေအသာဖြင့် ကစားကာ ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဧရာဝတီတို့ ရှုံးပွဲကြေတွေ့မှုကို မကွေးအသင်းက အသုံးချနိုင်ခဲ့သောကြောင့် ၂၅ မှတ်စီ တူညီသွားခဲ့သည်။

ဗထူးကွင်း၌ကစားသည့် ရတနာပုံနှင့် နေပြည်တော်တို့ပွဲတွင် ရတနာပုံက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

သုဝဏ္ဏကွင်း၌ မနောမြေနှင့် ချင်းယူနိုက်တက်တို့ပွဲမှာ မနောမြေက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သလို ကျောက်တိုင်ကွင်း၌ ကစားသည့် ဇွဲကပင်နှင့် ဧရာဝတီတို့ပွဲတွင် ဇွဲကပင်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ညီမြတ်သော်တာ

အာဇာနည် ခေါင်းဆောင်များ ကျဆုံးခဲ့ရာ အစည်းအဝေးခန်းမမှ တွေ့မြင်ရသည့် အတွင်းဝန်များရုံး၏ ယနေ့မြင်ကွင်း။

Photo Essay….

ရဲခေါင်ညွှန့်၊
မြတ်သန္တာမောင်

အတွင်းဝန်များရုံးက ပြောပြသည့် အာဇာနည်နေ့ သမိုင်း

ရန်ကုန်မြို့ရှိ အတွင်းဝန်များရုံး၌ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးပါက ပြန်လည်ထူထောင်ရေးအတွက် အစည်းအဝေးကျင်းပနေစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံခေါင်းဆောင်များသည် ၁၉၄၇ ဇူလိုင် ၁၉ ရက် (စနေနေ့) နံနက် ၁၀နာရီ ၃၇ မိနစ်အချိန်တွင် လုပ်ကြံခြင်းခံခဲ့ရပြီး ယင်းနေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသမိုင်းတွင် မှတ်တိုင်တစ်ခုအဖြစ် ပါဝင်နေသည့် အတွင်းဝန်များရုံး၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံ့ခေါင်းဆောင်များ လုပ်ကြံခံခဲ့ရပြီး သွေးမြေခခဲ့ရသည့် အတွင်းဝန်များရုံးမှ သမိုင်းအထောက်ထားနေရာအချို့ကို မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ (၆၈)နှစ်မြောက် အာဇာနည်နေ့ မှတ်တမ်းဓာတ်ပုံအဖြစ် ၂၀၁၅ ဇူလိုင် ၁၇ ရက်တွင် ရိုက်ကူးခဲ့သည်များကို စုစည်းတင်ပြပါသည်။

လုပ်ကြံမှုဖြစ်ပွားခဲ့ရာ အစည်းအဝေးခန်းမအား ယနေ့ မြင်တွေ့ရမည့် အခြေအနေ။

အတွင်းဝန်များရုံးအဆောက်အအုံ အလယ်ဘက်တွင် အာဇာနည်ခေါင်းဆောင်များအား ရည်စူးစိုက်ထူထားသည့် သမိုင်းကျောက်စာတိုင်။

အတွင်းဝန်ရုံး အဆောက်အအုံအတွင်းရှိ ရှေးဟောင်း ကြောင်လိမ်လှေကား။

အစည်းအဝေးခန်းမ တည်ရှိရာသို့ ဝင်ရောက်ရသည့် စကြီ့လမ်း။

မိုးကောင်းမြို့တွင် မိုးသည်းထန်မှုကြောင့် ရေကြီးရေလျှံ

မြစ်ကြီးနား ဇူလိုင် ၁၈

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်၌ ဇွန်၁၅ ရက်မှ စတင်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြို့ပေါ်ရှိ အမှတ်(၁၁)ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများ၌ ရေကြီးရေလျှံမှုများဖြစ်ပွားရာ တာဝန်ရှိသူများက ရေဘေးသင့်ဒေသခံပြည်သူများကို စည်းပင်ရိပ်သာ၊ သာသနာ့ဗိမာန်နှင့် ဘုန်းတော်ကြီးကျောင်းများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်းနှင့် ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကန့်ဘလူမြို့နယ်၌ မိုးသည်းထန်မှုကြောင့် ရေကြီးရေလျှံမှုဖြစ် လမ်းကြောင်းတာဝန်ကျရဲတပ်ဖွဲ့ဝင်တစ်ဦး ရေစီးဖြင့်မျောပါသေဆုံး

ကန့်ဘလူ ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ဟင်သော်ရဲကင်းမှ ရဲတပ်ဖွဲ့ဝင်နှစ်ဦးမှာ လမ်းတံတားပျက်စီးမှု ရှိ/မရှိစစ်ဆေးစဉ် ကားလမ်းပေါ် ရေကျော်နေမှုကို ဖြတ်သန်းချိန်တွင် ရေစီးဖြင့်မျောပါသွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါ ရဲတပ်ဖွဲ့ဝင်နှစ်ဦးသည် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်း မိုင်တိုင်အမှတ် ၇၂/၂နှင့် ၃ ကြား ပန်းကုန်းသာတံတားနှင့် ဝါးရုံတံတားကြား ကားလမ်းပေါ် ရေကျော်နေသည့်နေရာကို ဖြတ်သန်းစဉ် ရေစီးဖြင့် ကားလမ်းဘေးရေမြောင်းအတွင်းသို့ ပြုတ်ကျပြီး မျောပါသွားခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦးမှာ ရေကူးပြီးပြန်လည်ရောက်ရှိခဲ့သော်လည်း ကျန်တပ်ဖွဲ့ဝင်တစ်ဦးမှာ ရေမြောင်းမှတစ်ဆင့် ပန်းကုန်းသာချောင်းအတွင်းသို့ ဆက်လက်မျောပါသွားခဲ့သည်။

အဆိုပါ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ရဲတပ်ဖွဲ့မှတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ဝိုင်းဝန်းရှာဖွေခဲ့ရာ မွန်းလွဲ ၁ နာရီခန့်တွင် မိုင်တိုင်အမှတ် ၇၂/၅ ခန့်တွင် အလောင်းဆယ်ယူရရှိခဲ့သဖြင့် သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ကန့်ဘလူမြို့နယ် မင်းမြင်ဆည်အောက်ရှိ အင်းမ(မြောက်)ရွာတွင်လည်း ချောင်းရေလျှံပြီး ရွာအတွင်းသို့ ရေများဝင်ရောက်လာသဖြင့် ရေလွတ်ရာ အင်းမ(တောင်)ရွာသို့ ပြောင်းရွှေ့ရေးစီမံဆောင်ရွက်ခဲ့ရာ အိမ်ထောင်စု ၉၆ စု၊ လူဦးရေ ၄၇၁ ဦးနှင့် ကျွဲ၊ နွားများအပါအဝင် ပြောင်းရွှေ့ပြီးဖြစ်ကြောင်း သိရသည်။

အောင်ဝင်းဦမိုး(ကန့်ဘလူ)

မဲဇာမြစ်ရေကြီးရေလျှံခြင်းကြောင့် မိုးစပါးစိုက်လယ်မြေကေ ၂၀၀၀ ကျော်ထက်မနည်း ရေလွှမ်း

အင်းတော် ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း၌ ဇူလိုင် ၁၃ ရက်မှ ၁၈ ရက်အထိ မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် မဲဇာမြစ်ရေသည် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် လယ်ယာမြေကေ ၂၀၀၀ ကျော် ခန့် မြစ်ရေလွှမ်းမိုးခြင်းခံနေရကြောင်း သိရသည်။

"လယ်တွေ မဲဇာမြစ်ရေလွှမ်းနေတာ အခုဆိုရင် သုံးရက်လောက်ရှိပြီ ဖြစ်ပါတယ်" ဟု လယ်နောင်ကျေးရွာမှ ဦးဖိုးထွေးက ပြောသည်။

အဆိုပါ ရေလွှမ်းခြင်းခံရသော လယ်ယာမြေများမှာ အင်းတော်မြို့နယ်အတွင်းရှိ ကျွဲကောလေးရွာ လယ်ကွင်း၊ ကျွဲဘူးဆိပ်သာ၊ ရွှေငှက်ရွာ လယ်ကွင်းများ၊ မန်လည်ဝါးဖြူတောင်ရွာ လယ်ကွင်းများ၊ လောင်းစုရွာလယ်ကွင်းများ၊ တံခွန်တိုင်တုံစည်ရွာ လယ်ကွင်းများ၊ အလယ်ဆိပ်ရွာ လယ်ကွင်းများ၊ မဲဇာရွာ လယ်ကွင်းများ၊ လက်ပန်တန်း၊ သက္ကယ်ကျင်း၊ ထန်းတော၊ ကျုံးကျုံးဂျရွာလယ်ကွင်းများနှင့် မြစ်အနီးရှိ လယ်မြေများမှာ ဇူလိုင် ၁၈ ရက်အထိ ရေလွှမ်းနစ်မြုပ်လျက်ရှိနေကြောင်း သိရသည်။

ယခုနှစ်စိုက်ပျိုးလျက်ရှိသော လယ်ယာမြေများမှာ မိုးစပါးစိုက်နေဆဲနှင့် စိုက်ပြီးသောလယ်များဖြစ်ကြောင်း သိရသည်။

သန်းမောင်လေး

သင့်သွေးဖြင့် အသက်ကယ်ပါ

မိုးသည်းရေလျှံ၍ မန္တလေး-မြစ်ကြီးနား ရထားခရီးစဉ်အချို့ရပ်ဆိုင်း၊ ကန့်ဘလူမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှု ကူညီဆောင်ရွက်

ကန့်ဘလူ ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ဇူလိုင် ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မန္တလေး-မြစ်ကြီးနား အစုန်/ အဆန် ရထားများသည် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီမှစ၍ ချပ်သင်းဘူတာနှင့် ချပ်ကြီးဘူတာတို့၌ ရပ်တန့်ထားရကြောင်း သိရသည်။

ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီခွဲက ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်မောင်လတ်၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးမြင့်ဇော်နှင့်အဖွဲ့သည် ချပ်သင်းကျေးရွာအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းနေရာများသို့ ရေဝင်ရောက်နစ်မြုပ်နေမှု၊ မီးရထားသံလမ်းများအပေါ် ရေလွှမ်းဖြတ်ကျော်နေမှုများ ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များ ကူညီထောက်ပံ့ပေးရန် သွားရောက်ခဲ့သည်။

ချပ်သင်းဘူတာ၌ ရပ်တန့်ထားသော အမှတ်(၅၅)အဆန် အထူးအမြန်ရထားနှင့် အမှတ် (၄၅) ရွာထောင်-ကောလင်းအဆန် လော်ကယ်ရထားတို့ ရပ်တန့်ထားရာ ယင်းရထားနှစ်စင်းပေါ်မှ ခရီးသည်များနှင့်ချပ်သင်းကျေးရွာ မြေနိမ့်ပိုင်းရေဝင်ရောက်နစ်မြုပ်နေသော ပြည်သူများကို ထမင်းထုပ်များ လိုက်လံဝေငှခဲ့သည်။

ချပ်သင်း တိုက်နယ်ဆေးရုံမှ ဒေါက်တာ ကျော်မျိုးဇော်နှင့်အဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် ချပ်သင်းဘူတာ၌ ကျန်းမာရေးဆေးခန်း ဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည်။ မွန်းလွဲ ၂ နာရီထိ ကန့်ဘလူမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လူ၊ တိရစ္ဆာန်များ သေဆုံး၊ ပျောက်ဆုံးမှုမရှိသေးကြောင်း သိရသည်။

ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်၌ လျှပ်စစ်ရုံးအတွင်း ရေအနက်သုံးပေခန့်အထိ တက်နေပြီး လျှပ်စစ်ရုံး တောင်ဘက်နှင့် နှင်းဆီလမ်းမပေါ် တစ်ဖာလုံခန့်တွင် ရေအနက် နှစ်ပေခန့် တက်ရောက်လျက်ရှိသည်။ မြိုင်သာယာလမ်းမနှင့် ရထားသံလမ်းကြား လူနေအိမ်အချို့ ရေနှစ်ပေကျော်ခန့် ရေတက်လျက်ရှိသည်။ ကန့်ဘလူ-ကွန်းလှ(မြိုင်သာယာလမ်းမ အရှည် တစ်ဖာလုံခွဲခန့်) လမ်းပေါ် ရေအနက် နှစ်ပေခန့် တက်ရောက်လျက်ရှိသည်။ အမှတ်(၂)ရပ်ကွက် ပိုလ်ချုပ်အောင်ဆန်းလမ်းတွင်လည်း လမ်းမပေါ်နှင့် လူနေအိမ်များအတွင်းသို့ ရေများဝင်ရောက်လျက်ရှိသည်။ အမှတ်(၁) ရပ်ကွက် တိုးချဲ့ရပ်ကွက်၌လည်း ရေများဝင်ရောက်လျက်ရှိရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်လျှပ်စစ်ရုံးနှင့် လူနေအိမ်များမှပစ္စည်းများကို ရေလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိပြီး ရေနစ်မြုပ်မှုကြောင့် ယာဉ်သွားလာမှုမပြတ်ရှိကြောင်းနှင့် ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ကန့်ဘလူမြို့၏ မိုးရေချိန်သည် ၃ ဒသမ ၆၂ လက်မရှိကြောင်း သိရသည်။ **အောင်ဝင်းဦမိုး(ကန့်ဘလူ)**

ကန့်ဘလူမြို့နယ်၌ ချောင်းရေတိုက်စားမှုကြောင့် နေအိမ်လေးလုံးမျောပါ

ကန့်ဘလူ ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဇူလိုင် ၁၈ရက် နံနက် ၈ နာရီ ၁၅မိနစ်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကန့်ဘလူမြို့နယ် ဇင်းကျေးရွာအုပ်စု ဘောကျေးရွာတောင်ဘက်ရှိ ဘောချောင်းရေများ တိုက်စားမှုကြောင့် ချောင်းနံဘေးရှိ နေအိမ်လေးလုံး ချောင်းရေဖြင့်မျောပါသွားခဲ့ပြီး လူ၊ တိရစ္ဆာန်သေပျောက်မှုမရှိကြောင်း သိရသည်။

အဆိုပါရေဘေးကြောင့် အိမ်ထောင်စုလေးစု၊ အမျိုးသားကိုးဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၁၅ဦးတို့ကို ဘောကျေးရွာအတွင်းရှိ ၄င်းတို့၏ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့ ထားရှိကြောင်း၊ ကူညီကယ်ဆယ်ရေးအတွက် ကျေးရွာရာအိမ်မှူးနှင့် ရဲကင်းမှူးနှင့်အဖွဲ့က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ ရွှေဘို-မြစ်ကြီးနားမဟာဗျူဟာ ကားလမ်းမိုင်တိုင် အမှတ် ၆၀/၁ နှင့် ၂ကြားရှိ ဘောချောင်းတံတား၏မြောက်ဘက်ထိပ်နှင့်တောင်ဘက်ထိပ်တို့တွင် ချဉ်းကပ်မြေသားမှာ တစ်ပေခန့်အောက်သို့ ကျွံဝင်သွားခဲ့၍ယာဉ်များသွားလာနိုင်ရေး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကန့်ဘလူမြို့နယ် ဟင်သော်ကျေးရွာအုပ်စု ဟင်သော်ကျေးရွာရှိ လူနေအိမ် ၁၄ လုံး၊ ရွာ၏မြောက်ဘက်ရှိ ဇော်ချောင်းမှ ရေများလျှံတက်လာမှုကြောင့် ရေအနက်သုံးပေခန့် ဝင်ရောက်လျက်ရှိပြီး လူ၊ တိရစ္ဆာန်များနှင့် အဆောက်အအုံများ ပျက်စီးမှုမရှိကြောင်းသိရသည်။ ကန့်ဘလူမြို့နယ် ဇင်းရဲကင်းစခန်းအပိုင် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်းမိုင်တိုင်အမှတ် ၆၉/ ၂နှင့် ၃ ကြားရှိ တံတားအမှတ် ၁/၇၀ အရှည်ပေ ၂၀ ခန့်ရှိ အင်ရိုးချောင်း ကွန်ကရစ်တံတားမှာ ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီခွဲက ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားပြီး ယာဉ်များသွားလာ၍မရကြောင်းသိရသည်။ **(ဝဲလေး)**

ဂျီဟန်နစ္စဘတ်မြို့ ရထားတိုက်မှု ၂၀၀ ကျော် ဒဏ်ရာရ

ဂျီဟန်နစ္စဘတ် ဇူလိုင် ၁၈

တောင်အာဖရိကနိုင်ငံ ဂျီဟန်နစ္စဘတ်မြို့တွင် သောကြာနေ့ညပိုင်းက ရထားတိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၂၀၀ကျော် ထိခိုက်ဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်များက ပြောသည်။

အဆိုပါရထားတိုက်မှုသည် ယင်းမြို့ဘွန်ဆင်းဘူတာအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လောလောဆယ်သေပျောက်မှုမရှိသေးကြောင်း ပုဂ္ဂလိကအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ နက်ဂဲက ပြောသည်။

ဒဏ်ရာရသူအရေအတွက်သည် ၂၅၀ ခန့်ရှိကြောင်း၊ ဒဏ်ရာရသူအချို့သည် ရထားတွဲအပျက်အစီးများအတွင်း ပိတ်မိနေဆဲဖြစ်ပြီး ဒဏ်ရာရသူများ ပိုမိုတိုးလာနိုင်ကြောင်း အဆိုပါကယ်ဆယ်ရေးအဖွဲ့က ပြောသည်။ ဒဏ်ရာရသူအချို့သည် စိုးရိမ်ရပြီး ကုသမှုခံယူရန် ဆေးရုံများသို့ တင်ပို့ထားရကြောင်း နက်ဂဲပြောရေးဆိုခွင့်ရှိသူ ဆန်တီစတိန်းမန်းက ပြောသည်။

"ရထားတိုက်တဲ့ မြင်ကွင်းမှာ လူနာတွေရှိနေဆဲပါ။ အရေအတွက်က ၃၀၀ နီးပါး တိုးလာနိုင်ပါတယ်"ဟု ၄င်းကဆိုသည်။ ဆေးအဖွဲ့တစ်ဖွဲ့က ရထားအတွင်း ပိတ်မိနေသောခရီးသွားများကို ရှာဖွေနေဆဲဖြစ်သည်။

ရထားတစ်စင်း အခြားရထားနဲ့ တိုက်မိပြီး မှောက်သွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ တစ်ဦးကပြောသည်။ သို့သော်လည်း ယင်းဖြစ်စဉ်သည် ဖြစ်ရိုးဖြစ်စဉ်မဟုတ်နိုင်ကြောင်း ရဲအဖွဲ့က ပြောသည်။

ယင်းရထားတိုက်မှုသည် ဂျီဟန်နစ္စဘတ်မြို့၌ သုံးလမပြည့်မီ ဒုတိယအကြိမ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဧပြီလနှောင်းပိုင်းက ဂျီဟန်နစ္စဘတ်အရှေ့ပိုင်းဘူတာတစ်ခု၌ ရထားနှစ်စင်းတိုက်မိခဲ့ရာ တစ်ဦးသေဆုံးပြီး ၂၀၀ ကျော် ဒဏ်ရာရရှိသွားခဲ့သည်။

(ဆင်ဟွာ)

အစ္စရေးနှင့်ပါလက်စတိုင်း ခေါင်းဆောင်တို့ ပထမဆုံးအကြိမ်အဖြစ် ဖုန်းဖြင့်ဆက်သွယ်

ဂျေရုစလင် ဇူလိုင် ၁၈

ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အာဘတ်စ်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုတို့သည် သောကြာနေ့က နှစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဖုန်းဖြင့် ဆက်သွယ်ခဲ့ကြောင်း ပါလက်စတိုင်း နယူးအေဂျင်စီက ဖော်ပြသည်။

နေတန်ယာဟုက ပါလက်စတိုင်းသမ္မတကို ဗျော်ရွှင်စရာအစ်နေ့အဖြစ် ဖုန်းဖြင့်ဆုမွန်ကောင်းတောင်းပေးခဲ့ကြောင်း သိရသည်။ ပါလက်စတိုင်းဘက်မှ အဆိုပါဆုမွန်ကောင်းအတွက် ကျေးဇူးတင်ရှိကြောင်း အစ္စရေးနှင့် ပါလက်စတိုင်းအကြား ငြိမ်းချမ်းရေးရရှိရန်မှာ အရေးကြီးကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုမှုအတွင်း ဆွေးနွေးချက်များကို အသေးစိတ်ဖော်ပြခြင်းမရှိပေ။ အစ္စရေးဘက်မှလည်း မှတ်ချက်တစ်စုံတစ်ရာပေးခြင်းမရှိကြောင်း သိရသည်။ ပြီးခဲ့သောနှစ် မတ်လက အမေရိကန်ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ရပ်ဆိုင်းထားကတည်းက နှစ်နိုင်ငံဆက်ဆံရေးအခြေအနေများ ပိုမိုတင်းမာလာခဲ့သည်။

(ဆင်ဟွာ)

သောကြာနေ့က ကယ်လီဖိုးနီးယားတောင်ပိုင်း၌ လောင်သောတောမီးကြောင့် အမြန်လမ်းမကြီးပေါ်ရှိ ကားများကိုပါ မီးစွဲလောင်နေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-ရိုက်တာ

နျူကလီးယားသဘောတူညီချက်ရသော်လည်း အမေရိကန်အပေါ် အီရန်သဘောထားပြောင်းမည်မဟုတ်

တီဟီရန် ဇူလိုင် ၁၈

ကမ္ဘာ့အင်အားကြီး နိုင်ငံများနှင့် နျူကလီးယားဆိုင်ရာ သဘောတူညီချက် ရှိနေသော်လည်း အမေရိကန်နိုင်ငံအပေါ် ရှိနေသော အီရန်နိုင်ငံ၏သဘောထားသည် ပြောင်းလဲလိမ့်မည်မဟုတ်ကြောင်း ထိပ်တန်းခေါင်းဆောင် အရာတိုလာအလီခါမေနီက ဇူလိုင် ၁၈ ရက်တွင် ပြောကြားခဲ့သည်။ အရှေ့အလယ်ပိုင်းတွင် အီရန်နိုင်ငံသည် အမေရိကန်မူဝါဒနှင့် ပတ်သက်ပြီး အံမဝင်ခွင်မကျဖြစ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံရေးသမားများကို ၎င်းက အီရန်နျူကလီးယား သဘောတူညီမှုသည် အမျိုးသားအကျိုးစီးပွားများကို ဆောင်ကြဉ်းနိုင်မည်ကို လေ့လာမှုပြုစေချင်ကြောင်း မူဆလင်ဥပုသ်လ နောက်ဆုံး သြဝါဒခံယူပွဲတွင် ပြောကြားခဲ့သည်။

အီရန်နျူကလီးယား သဘောတူညီမှုကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ဒေသတွင်း မိတ်ဆွေများနှင့် ပါလက်စတိုင်း၊ ယီမင်၊ ဆီးရီးယား၊ အီရတ်၊ ဘာရိန်းနှင့် လက်ဘနွန်နိုင်ငံတို့မှပြည်သူများအား ကူညီထောက်ပံ့မှုကို ဘယ်သောအခါမှ ရပ်ဆိုင်းမည်မဟုတ်ကြောင်း ၎င်းကပြောခဲ့သည်။

ဇူလိုင် ၁၄ ရက်က အတည်ပြုခဲ့သော နျူကလီးယားသဘောတူညီချက်အရ အီရန်အပေါ် အရေးယူ ပိတ်ဆို့မှုများကို ဖြည်းဖြည်းချင်း ဖယ်ရှားပေးလိမ့်မည်ဖြစ်သည်။ အပြန်အလှန်အားဖြင့် အီရန်နိုင်ငံအပေါ် အနောက်နိုင်ငံများက အဏုမြူဗုံးလုပ်မည်ဟူသော သံသယကို လည်း ဖြေလျှော့ပေးလိုက်ပြီဖြစ်သည်။ သို့သော်လည်း အီရန်က အဏုမြူဗုံးလုပ်မည့်အစီအစဉ်ကို ငြင်းပယ်ထားသည်။

အမေရိကန်တို့က အီရန်ကို အဏုမြူလက်နက် မပြုလုပ်ရန် တားမြစ်နိုင်ခဲ့သော်လည်း ထိုသို့ပြုလုပ်ခြင်းသည် အမှန်မဟုတ်ကြောင်း၊ အဘယ်ကြောင့် ဆိုသော် အစ္စလာမ္မစ်ဥပဒေအရ ဘာသာရေး သဘောတရား အားဖြင့် အဏုမြူဗုံး ပြုလုပ်ခြင်းကို အီရန်နိုင်ငံတွင် ပြင်းပြင်းထန်ထန် တားမြစ် ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒေသတွင်း သို့မဟုတ် နိုင်ငံတကာရေးရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး အီရန်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လိမ့်မည်မဟုတ်ကြောင်း၊ သို့သော်လည်း နိုင်ငံအကျိုးကို ဖော်ဆောင်မည့် နျူကလီးယား သဘောတူညီမှု ဆွေးနွေးပွဲကဲ့သို့ ချွတ်ယွင်းချက် အနည်းငယ်ရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

(ရိုက်တာ)

အခိုးခံရသော ဗုဒ္ဓရုပ်ပွားတော် ပြန်လည်ရောက်ရှိ

တိုကျို ဇူလိုင် ၁၈

၂၀၁၂ ခုနှစ်က ကိုရီးယားရှိ သူခိုးများ ခိုးယူသွားသော ရှေးဟောင်းဂျပန် ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူမှ တစ်ဆူကို စနေနေ့က ပြန်လည်ရရှိခဲ့သည်။ မူလကိန်းဝပ်တော်မူရာ အနောက်တောင်ဘက်ကျွန်းမြို့တော်ဆူရှီမာတွင်ထားရှိကြောင်း မြို့တော်ဝန်က ပြောသည်။

အမျိုးသားယဉ်ကျေးမှု လက်ရာအဖြစ် ဒီဇိုင်းပုံဖော်ထားသော တထာဂတ ကြေးသွန်းမတ်ရပ် ဗုဒ္ဓရုပ်ပွားတော်ကို သောကြာနေ့က တောင်ကိုရီးယားအလယ်ပိုင်းဒေဂျန်ဒေသရှိ ဂျပန်ကိုယ်စားလှယ်များကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ယဉ်ကျေးမှုရေးရာ အေဂျင်စီမှ သက်ဆိုင်သူများ ပြောစကားအရ ရုပ်ပွားတော်မှာ အနည်းငယ် ပျက်စီးသွားကြောင်းကို ဘုရားကျောင်းရှိ လူများက ပြောကြောင်း၊ မည်သည့်နေရာ ပျက်စီးသွားသည်ကို မသိရကြောင်း ပြောသည်။

(ကျိုဒို)

ထရပ်ကားပုံးတိုက်ခိုက်မှု လူ ၄၀ သေဆုံး

ဘာကူဘာ ဇူလိုင် ၁၈

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်အရှေ့မြောက်ပိုင်း၌ ထရပ်ကားပုံးတစ်လုံး သောကြာနေ့က ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံးလူ ၄၀ သေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရရှိသွားကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောသည်။

ပေါက်ကွဲစေတတ်သောပစ္စည်း အများအပြား တင်ဆောင်လာသော အဆိုပါထရပ်ကားသည် ဘာကူဘာမြို့တောင်ဘက် ၁၀ ကီလိုမီတာအကွာ သောကြာနေ့နှောင်းပိုင်းက လူသိများသော ခန်းဘာနီဆက်စျေး၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ သတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့်အနည်းဆုံး လူ ၄၀ သေဆုံးပြီး သေဆုံးသူအများစုမှာ ခန္ဓာကိုယ်အပိုင်းအစများတစ်စစီဖြစ်သွားကြောင်း သတင်းရပ်ကွက်က ပြောသည်။

ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံများသို့ တင်ပို့လိုက်ရကြောင်း၊ သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း သတင်းများကဆိုသည်။ အဆိုပါပေါက်ကွဲမှုကြောင့် ဒါဇင်နှင့်ချီသော စျေးဆိုင်များ၊ ကားများမီးလောင်သွားခဲ့ကြောင်း သတင်းရပ်ကွက်က ပြောသည်။

(ဆင်ဟွာ)

လေယာဉ်ပျက်ကျမှုကြောင့် တစ်ဦးသေ၊ လေးဦးကယ်တင်နိုင်ခဲ့

အလာစကာ ဇူလိုင် ၁၈

အမေရိကန်နိုင်ငံ အလာစကာရှိ ဂျူမောမှ အနီးတွင်ရှိသော ကျွန်းတစ်ခုဆီသို့ ပျံသန်းလာသော လေယာဉ်ပျံငယ်သည် အလာစကာတွင် ပျက်ကျပြီးနောက် လူတစ်ဦးသေဆုံးခဲ့ကာ လေးဦးကိုကယ်တင်နိုင်ခဲ့ကြောင်း အမေရိကန်ကမ်းခြေစောင့်တပ်က ပြောခဲ့သည်။

အဆိုပါလေယာဉ်သည် အလာစကာပြည်နယ် မြို့တော်ဖြစ်သည့် ဂျူမော၏အနောက်ဘက် ၁၈ မိုင်ခန့်အကွာတွင် ပျက်ကျခဲ့သည်ဟု ကမ်းခြေစောင့်ရုံးမှ ဂရန့်ဒီဘက်စ်က ပြောသည်။ လူတစ်ဦးသေဆုံးခဲ့ပြီး သေဆုံးသူမှာ ခရီးသည် သို့မဟုတ် လေယာဉ်မှူးဟု၍ တိတိကျကျမသိရသေးကြောင်း၊ အသက်ရှင်ကျန်ရစ်သူလေးဦးကို ရှာဖွေရေးအဖွဲ့များက ဟယ်လီကော်ပတာဖြင့် တောင်တန်းထူထပ်သောဒေသမှ အနီးစပ်ဆုံး ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း ၄င်းကပြောသည်။

ပျက်ကျခဲ့သောလေယာဉ်ပျံမှာ ဂျူမောမှ ဟူးနက်သို့ပျံသန်းစဉ် မိနစ် ၂၀ အကြာ အလာစကာတွင် ပျက်ကျခဲ့သည်ဟု ကယ်ဆယ်ရေးသမားများက ပြောသည်။ လေယာဉ်ပျက်ကျရာတွင် ပါဝင်ခဲ့သူများထဲမှတစ်ဦးက ၁၉၉ သို့ သောကြာနေ့ နေ့လယ်တွင် ဖုန်းဆက်အကြောင်းကြားခဲ့သည်ဟု ဂျူမောရဲဌာနက ပြောသည်။ ကယ်ဆယ်ရေးအဖွဲ့တွင် အမေရိကန် ကမ်းခြေစောင့်တပ်၊ အလာစကာပြည်နယ်ရှိ တပ်ဖွဲ့ဝင်များနှင့် မြို့တော်ရှိ မီးဘေးကယ်ဆယ်ရေးအဖွဲ့များပါဝင်ကြောင်း ဂျူမောရဲဌာနမှ ရဲများက ပြောသည်။

(ရိုက်တာ)

"ဝ" ဒေသ သံယာတော်များအား (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီအစီအစဉ်အရ နယ်စပ်ရေးရာဝန်ကြီးဌာနကကြီးမှူး၍ "ဝ" ဒေသ သံယာတော်များအား(၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မက်မန်းမြို့ ပညာဒီပကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒာသီရိထံမှ ဧည့်ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက လှူဒါန်းသော သင်္ကန်းစုံ ၅၀၀ နှင့် ရှင်သာမဏေဝတ် ဒွိစုံ ၁၂၆၀ တို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ရှင်သာမဏေဝတ် ဒွိစုံ ၅၀ ကိုလည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က လှူဒါန်းသော ရှင်သာမဏေဝတ် ဒွိစုံ ၅၀ နှင့် စစ်ဗျူဟာ (အခြေချ) တန့်ယန်းက လှူဒါန်းသော ရှင်သာမဏေဝတ်ဒွိစုံ ၅၀ ကိုလည်းကောင်း၊ "ဝ" အထူးဒေသ(၂)၊ ပန်ဆန်းအထူးမြို့နယ်က လှူဒါန်းသော ရှင်သာမဏေဝတ် ဒွိစုံ ၅၀ ကိုလည်းကောင်း၊ ပြည်နယ်သာသနာရေးမှူးမှ လှူဒါန်းသော ရှင်သာမဏေဝတ် ဒွိစုံ ၅၀ ကို လည်းကောင်း၊ ကုမ္ပဏီများကလှူဒါန်းသော ရှင်သာမဏေဝတ်ဒွိစုံ ၅၅၁ စုံတို့ကို လည်းကောင်း တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တန့်ယန်းမြို့နယ်ရှိ ဒေသခံတိုင်းရင်းသားမြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက နဝကမ္မ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တန့်ယန်းမြို့ကိုင်းကုန်းပရိယတ္တိ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုသလထံမှ အနုမောဒနာတရားနာယူကြကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၅ ခုနှစ်(၂၃) ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းကြေညာချက်

နေပြည်တော် ဇူလိုင် ၁၈

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၂၃) ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန (၇၀)ဌာနတို့၌ ဇွန် ၉ရက်မှ ၁၃ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။

ယင်းစာမေးပွဲဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထားသည့်ပုဂ္ဂိုလ်ဦးရေ ၃၂၈၄၆ ပါးရှိပြီး ဖြေဆိုသည့် ပုဂ္ဂိုလ်ဦးရေမှာ ၁၆၈၆၁ ပါးဖြစ်သည်။ အောင်မြင်သူဦးရေစုစုပေါင်းမှာ ၃၀၀၂ ပါးဖြစ်ရာ ၁၈ ဒသမ ၄၅ ရာခိုင်နှုန်းအောင်မြင်ကြသည်။

အုပ်စု(၁)ခုဒ္ဒကနိကာယ (ဝိနယပိဋကတ)ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၄၄၁ ပါး၊ လေးကျမ်းအောင် ၃၁၀ ပါး၊ သုံးကျမ်းအောင် ၄၆၄ ပါး၊ နှစ်ကျမ်းအောင် ၅၅၀ ပါး၊ တစ်ကျမ်းအောင် ၇၉၀ ပါးတို့ဖြစ်ကြသည်။

ဝိနည်းငါးကျမ်းအောင် ၄၄၁ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ်၊ မုံ-၃၁၊ ရှင်စန္ဒိမာ၊ အသက်(၁၇ နှစ်)၊ အဖ-ဦးကျော်ဦး၊ သာသနာ့ရောင်ခြည်ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ အမဇ -၃၃၂၊ရှင်သုမင်္ဂလ၊ အသက်(၂၁ နှစ်)၊ အဖ-ဦးဖြိုးဝေ၊ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ စိန်-၁၀၃၊ ရှင်ပညာတိက္ခ၊ အသက်(၁၉ နှစ်)၊ အဖ-ဦးကုလား၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)

(ဃ) ဝိနည်းငါးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ တက-၁၄၇၊ မကောမလထေရီ၊ အသက်(၂၂) နှစ်၊ အဖ-ဦးအောင်ကြည်၊ မြသပိတ်သာမဏေကျော်စာသင်တိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။ (သီလရှင်ပထမ)

ဆက်လက်ဖော်ပြပါမည်

သိပ္ပံနည်းကျ မိုးစပါးအစေ့ချ စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာ ကွင်းအမှတ်(၁၆၆၂)တွင် ခေတ်မီပြီး ကုန်ကျစရိတ်အနည်းဆုံးဖြစ်သော သိပ္ပံနည်းကျ မိုးစပါးအစေ့ချစိုက်ပျိုးခြင်းကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီဝင်ဦးမျိုးညွှန့် ကြည့်ရှုအားပေးပြီး တောင်သူများနှင့် တွေ့ဆုံရာ နေပြည်တော်ကောင်စီဝင်က ယခင်ကလယ်တစ်ဧကတွင် သီးနှံစိုက်ပျိုးရန် ကုန်ကျစရိတ်ငွေကျပ် ၆၀၀၀၀ အထက်ရှိပြီး ယခုသိပ္ပံနည်းကျအစေ့ချ စိုက်ပျိုးခြင်းကုန်ကျစရိတ်မှာ ငွေကျပ် ၆၀၀၀၀ သာရှိသဖြင့် စိုက်ပျိုးကုန်ကျစရိတ်များစွာသက်သာပြီး ကောက်စိုက်သမရှားပါးလာမှုကိုလည်း အစားထိုးနိုင်ပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော တောင်သူများ၏ တင်ပြချက်များဖြစ်သည့် လယ်ကြားမြောင်းတူးဖော်ပေးနိုင်ရေးနှင့် ဓာတ်မြေသြဇာရရှိရေးများကို တာဝန်ရှိသူများနှင့်အတူ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် သပြေဆောင်များရှိ အဆောင်မှူးများအား ဇမ္ဗူသီရိမြို့နယ် ရွှေးကောက်ပွဲကော်မရှင်အတွင်းရေးမှူးက ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများနှင့် မဲစာရင်းပါရှိရေး ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားခြင်းသို့ တက်ရောက်ခဲ့ပြီး အပျိုဆောင်ရှိ ဝန်ထမ်းများ၏ မဲစာရင်းဆိုင်ရာ ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

"ဝ" ဒေသ သံယာတော်များအား (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KSGM ကုမ္ပဏီတို့က အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၈

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KSGM ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မှု သဘောတူလက်မှတ်ရေးထိုးခဲ့သော တစ်နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အလှူငွေများ ပေးအပ်လှူဒါန်းမှုများကို ဇူလိုင် ၁၈ ရက်က ပျဉ်းမနားမြို့ ဗုဒ္ဓဘာသာဘိုးဘွားရိပ်သာနှင့် သာဝတ္ထိမြို့ စမတောင်ရှိ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်တို့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပျဉ်းမနားမြို့ ဗုဒ္ဓဘာသာဘိုးဘွားရိပ်သာသို့ အလှူငွေကျပ်သိန်း ၅၀ နှင့် ဘိုးဘွားများအတွက် အသုံးအဆောင်ပစ္စည်းများအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စီးပွားရေးဝန်ကြီးဌာနမှ အထွေထွေမန်နေဂျာ ဦးသိန်းဟုတ်နှင့်အဖွဲ့က ပျဉ်းမနားဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးကျော်ရှင်းထံသို့ လည်းကောင်း၊ သာဝတ္ထိမြို့ စမတောင်ရှိ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်သို့ သွားရောက်၍ အလှူငွေကျပ် သိန်း ၅၀ နှင့် မိဘမဲ့ကလေးများအတွက် နွားနို့နှင့် အစားအသောက်များ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။ **မိုး/၇လ**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့အထက တက္ကသိုလ်ဝင်တန်း(၆)မှ မမွေးမွေး၏ ဖခင်အမည်မှန်မှာ ဦးဇော်ထွန်း ၅/အရတ(နိုင်)၀၅၆၀၉၈ ဖြစ်ပါသည်။

ဦးဇော်ထွန်း

နေရာကောင်းအမြန်ရောင်းမည်

14x60 Lift ပါ၊ ပြီးခါနီး(ကြိုပ္ပြင့်) ရှစ်လွှာ၊ ရေကျော်မီးပျိုင့်အနီး၊ ကျီတော်လမ်း

ကျပ် သိန်း ၈၅၀

ဖုန်း-၀၉-၅၀၅၆၃(ညီနှိုင်း)

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ရွာသာကျေးရွာ အထက(ခွဲ) နဝမတန်းမှ မောင်တိုင်းဝေကျော်၏ ဖခင်အမည်မှန်မှာ ဦးခိုင်မြင့်ဇော် ၅/ယမပ(နိုင်)၀၃၈၆၂၆ ဖြစ်ပါသည်။ **ဦးခိုင်မြင့်ဇော်**

ဖခင်အမည်မှန်

ယင်းမာပင်မြို့နယ်၊ ညောင်ကိုင်း(နဲ) ရွာအလက၊ အဌမတန်း(က)မှ မအိဇာ၏ ဖခင်အမည်မှန်မှာ ဦးစောလင်း ၅/ယမပ(နိုင်) ၁၀၄၈၂၉ ဖြစ်ပါသည်။ **ဦးစောလင်း**

မိုးကောင်းမြို့နယ်အသင်း (ရန်ကုန်)

(၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၂၀၁၄-၂၀၁၅)တက္ကသိုလ်ဝင်တန်းဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းဝင်များ၏သားသမီးများ ပညာရည်ချွန်ဆုပေးပွဲကို ၂၆-၇-၂၀၁၅ ရက်၊ ကျောက်စိမ်းတွင်းဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များနှင့် မြို့နယ်သူမြို့နယ်သား များအားလုံး ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ လျှောဒါန်းခြင်းနှင့် ပညာရည်ချွန်ဆုရရှိသူများ ၂၀-၇-၂၀၁၅ ရက်မတိုင်မီ ဦးမောင်ကြီး ဖုန်း ၂၄၃၄၈၈၂ ၊ ဦးချစ်မောင် ဖုန်း ၅၀၃၁၉၈၊ ဦးအောင်သိန်း ဖုန်း ၃၈၃၉၄၆၊ ဦးတင်မောင်အုန်း ဖုန်း ၅၃၉၂၈၇၊ ဦးထင်ဆိုက် ဖုန်း ၂၂၄၅၅၉ ၊ ဒေါက်တာမြင့်ဦး ဖုန်း ၀၉-၃၁၇၈၈၁၃၉ ဦးကျော်ဂိုဏ် ဖုန်း ၀၉-၄၃၀၁၈၃၀၈၊ ဒေါ်ပြုံးရီ ဖုန်း ၀၉-၅၀၁၄၄၄၈ သို့ ဆက်သွယ်စာရင်းပေးသွင်းကြပါရန် ပန်ကြားအပ်ပါသည်။

(သီးခြားဖိတ်စာမပို့ပါ) **မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မန္တလေးမြို့

၁။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆောင်ရွက်ရန်ရှိသော အောက်ဖော်ပြပါလုပ်ငန်းအတွက် တင်ဒါပုံစံများ ဝယ်ယူအဆိုပြုတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၁၂-က)၊ ဦးပိုင်အမှတ် ၁၃၊ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၃၀)တို့ပေါ်ရှိ ဖြေဧရိယာ ၁၄ဒသမ၆၃ဧကအား BOT စနစ်ဖြင့် ၄ားရမ်းပြီး ကတ္တရာနှင့် ရေနံထွက်ပစ္စည်းများ တင်/ချ သိုလှောင်ဖြန့်ဖြူးရန် ဆိပ်ခံတံတားနှင့် သိုလှောင်ကန်များ တည်ဆောက်ခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ရင်းနှီးမြှုပ်နှံမည့် သက်ဆိုင်ရာ ကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၄င်းတို့၏ တရားဝင် ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀၀၀၀ (ကျပ်တစ်ဆယ်သိန်းတိတိ)နှုန်းဖြင့် ၂၀-၇-၂၀၁၅ရက်မှ ၁၉-၈-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ရောင်းချသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၉-၄၄၄၀၃၂၂၃၃၊ ၀၉-၂၀၀၀၂၀၄၊ ၀၉-၂၀၀၀၂၀၅တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့
မန္တလေးမြို့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေ(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ် ၂၅/ဘီဟု ခေါ်တွင်သော နေအိမ်နှင့်တကွ ယင်းနေအိမ်တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀-ဘီ၊ မြေကွက်အမှတ် $\frac{၈^{N}}{၄}$ ဧရိယာ ၀ဒသမ၁၆၅ အကျယ်အဝန်းရှိ မြေပိုင်မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးဇော်နိုင်ဦး ၁၂/ဗဟန(နိုင်)၀၀၃၃၁၉ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလိမ္မော်(LL.B) ဦးမျိုးသူရအောင်(စဉ်-၄၂၂၁၀)၊ ဦးဝေယံဦး(စဉ်-၄၂၂၂၇)
တရားလွတ်တော်ရှေ့နေ(စဉ်-၄၃၁၄) အထက်တန်းရှေ့နေများ

အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄၊ ၀၉-၂၆၁၀၂၆၁၁

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၆"၊ မြေကွက်အမှတ် 1st N 1/8 of II 2+ 2nd N 1/8 of II 2၊ ဧရိယာ ၂၅'×၆၀' အကျယ်အဝန်းရှိ မြေပိုင်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန် တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေတိုဝုံဘုရားလမ်း၊ အမှတ် ၄၆/၄၈ ဟုခေါ်တွင်သော (စ$\frac{၁}{၂}$) ထပ်အဆောက်အအုံ၏မြေညီထပ်(ထပ်ခိုးပါ) ၂၅'× ၆၀' အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ဆက်သွယ်အသုံးပြုခွင့်ရရှိထားသောပစ္စည်းများနှင့်ပတ်သက်၍ အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်ကြည် ၁၂/ခရန(နိုင်)၀၈၆၇၈၀၊ (KYN-၀၁၆၁၆၉)ထံမှ ကျွန်ုပ်မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလိမ္မော်(LL.B) ဦးမျိုးသူရအောင်(စဉ်-၄၂၂၁၀)၊ ဦးဝေယံဦး(စဉ်-၄၂၂၂၇)
တရားလွတ်တော်ရှေ့နေ (စဉ်-၄၃၁၄) အထက်တန်းရှေ့နေများ

အမှတ် ၄၆/ပထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ရန်ကုန်ကြောင့် ရောဂါကို ဝယ်စားနေရသလိုဖြစ်သည့် မြေပဲဆီအတုများ ဈေးကွက်တွင်များလာ

သတင်း-သီဟသူ
ဓာတ်ပုံ-ဘအေး

ရန်ကုန် ဇူလိုင် ၁၈

နယ်စပ်ဒေသများမှ တရားမဝင်တင်သွင်းလာသည့် ပြန်ကြော်ဆီ(အသုံးပြုပြီးသားဆီ)များကို အနှံ့ထည့်သွင်းကာ မြေပဲဆီဟု လိမ်လည်ရောင်းချနေမှုများရှိနေ၍ အများပြည်သူများအနေဖြင့် သတိပြုဝယ်ယူစားသုံးရန် လိုအပ်ကြောင်း ဆီစက်လုပ်ငန်းရှင်များနှင့် စားသုံးသူအခွင့်အရေးလှုပ်ရှားသူများ၏ ပြောကြားချက်အရ သိရသည်။

"အိမ်နီးချင်း နိုင်ငံကြီးတွေရဲ့ စားသောက်ကုန် လုပ်ငန်းတွေမှာ အသုံးပြုပြီး ထပ်မံသုံးစွဲလို့မရတော့တဲ့ ဆီတွေကိုနယ်စပ်ဒေသကနေ မှောင်ခိုအဖြစ် အလုံးအရင်းသွင်းလာပြီး ဒီရောက်မှ အက်စစ်တွေ၊ ဓာတုပစ္စည်းတွေနဲ့ အရောင်ချွတ်ကာ မြေပဲဆီနဲ့ ရောတယ်။ ပြီးရင်လက်ရှိစားအုန်းဆီဈေးထက် အနည်းငယ်သာမြင့်၍ မြေပဲဆီဆိုပြီး ဈေးကွက်မှာ ဈေးအမျိုးမျိုးနဲ့ ရောင်းနေကြတယ်။ မြေပဲဆန်တစ်ပိသာကို သုံးထောင်လောက်ဖြစ်နေချိန်မှာ မြေပဲဆန်တစ်ပိသာရှစ်ဆယ်လောက် ကြိတ်မှ တစ်ပိသာသာရတဲ့ မြေပဲဆီကို နှစ်ထောင်ကျော်လောက်နဲ့ ရောင်းနေကြတာကိုကြည့်ရင် ဒီဆီက ဘာဆီဆိုတာ သိနိုင်ပါတယ်။ မြေပဲဆီနဲ့စားအုန်းဆီရောထားတဲ့ ရောဆီဆိုရင်တောင် ဒီဈေးနဲ့ရောင်းဖို့မလွယ်ပါဘူး"ဟု မြန်မာ့ပဲဆီသန့်ကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပသို့ပါတင်ပို့ရန် ကြိုးစားနေသူ ဆီစက်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စားသုံးဆီများတွင် ပြည့်ဝဆီ(Saturated)နှင့် မပြည့်ဝဆီ(Unsaturated)ဟူ၍ နှစ်မျိုးရှိပြီး ပြည့်ဝဆီမှာ ကျန်းမာရေးအတွက် မကောင်းဟု ဒေါက်တာအေးကျော် (ဆေးသုတေသန)နှင့် အခြားပညာရှင်များက စဉ်ဆက်မပြတ် ထောက်ပြပြောဆိုနေကြသော်လည်း ပြည့်ဝဆီဖြစ်သည့် စားအုန်းဆီများကို စားသုံးရန် မသင့်လျော်တော့သည့်အခြေအနေအထိ အသုံးပြုပြီးမှ အရောင်ချွတ် အနှံ့သွင်း၍ အများပြည်သူကို လှည့်ဖြားရောင်းချနေကြခြင်းမှာ တစ်မျိုးသားလုံး၏ ကျန်းမာရေးအတွက် အလွန်စိုးရိမ်ရသည့် အခြေအနေဖြစ်ကြောင်း စားသုံးသူအခွင့်အရေး လှုပ်ရှားသူ တစ်ဦးက ပြောသည်။

ယခင်က ပြည်တွင်းစားသုံးဆီဈေးကွက်တွင် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်းစသော သီးနှံထွက်ဆီ၊ စားအုန်းဆီနှင့် ၎င်းဆီနှစ်မျိုးကို ရောနှောနေ၍ ရောဆီဟူ၍ အမျိုးအစားသုံးမျိုးသာရှိခဲ့သော်လည်း ယခုအခါတွင် စားအုန်းဆီကို အခြားသီးနှံအနှံထည့်သွင်းထားသော ဆီနှင့် အသုံးပြုပြီးသား ဆီပျက်များကို အရောင်ချွတ် အနှံ့သွင်းထားသည့် ဆီများလည်း ဈေးကွက်သို့ ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါဆီပျက်များဖြင့် ပြုလုပ်ထားသည့် မြေပဲဆီအတုများကို တံဆိပ်မပါသော ပုံးများ၊ ပီပါများဖြင့် လက်လီဈေးကွက်သို့ ဖြန့်ဖြူးလျက်ရှိကြောင်းသိရပြီး လက်လီဆိုင်များမှလည်း တန်ဖိုးအမျိုးမျိုးသတ်မှတ်ကာ ပြန်လည်ရောင်းချနေပြီး ယင်းဆီများကို စားသုံးခြင်းဖြင့် ကင်ဆာရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါအပါအဝင် အခြားရောဂါများလည်း ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

ၛင်းမြေပဲဆီ အတုများကို မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟုတင်စားခေါ်ဝေါ်သည့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသမှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တွေ့ရှိရပြီး အထူးသဖြင့် လူနေထူထပ်သော မြို့ကြီးများ၊ ဆင်ခြေဖုံးဒေသများ၊ သဘာဝဘေးအန္တရာယ်ဒဏ်ခံစားခဲ့ရသော ဒေသများတွင် ပုံးများ၊ တံဆိပ်မပါသော ပါကင်ပိတ်ဘူးများဖြင့် ရောင်းချသည်ကို တွေ့ရှိနေရကြောင်း၊ ဆီဈေးကွက် ကျွမ်းကျင်သူ ရောဝတီမြေပဲဆီလုပ်ငန်းပိုင်ရှင် ဦးခင်စိုးက ပြောသည်။

မြေပဲဆီအတုများကို အတုမှန်းမသိဘဲ ဈေးသက်သာသဖြင့် ဝယ်စားနေသူ သာကေတမြို့နယ်မှ အိမ်ရှင်မတစ်ဦးဖြစ်သူ ဒေါ်အမာက "ကျွန်မတို့ ဒီဆီတွေကို ဈေးကနေ လက်လီဝယ်စားနေတာကြာပါပြီ။ ဟင်းချက်တာပဲဖြစ်ဖြစ်၊ တစ်ခုခုစားတာပဲဖြစ်ဖြစ် ပဲဆီနဲ့လေးကိုပဲကြိုက်တယ်။ ဒါကြောင့် ဒီဆီတွေကို ဈေးသက်သာတယ် ဆိုပြီး ဝယ်သုံးနေခဲ့တာ၊ အခုလိုသိလိုက်ရတော့ ကျွန်မတို့မိသားစုက ပဲဆီနဲ့ လေးနဲ့စားချင်လို့ ရောဂါတွေကို ပိုက်ဆံနဲ့ဝယ်နေရသလို ဖြစ်နေတယ်" ဟု မြေပဲဆီအတုများကို စားသုံးခဲ့ခြင်းနှင့်ပတ်သက်၍ သူ၏အမြင်ကို ပြောသည်။

သန့်ရှင်းသော စားသုံးဆီသည် လူ၏ခန္ဓာကိုယ်အတွက် လိုအပ်သော စွမ်းအားကို အခြားသောသက်စောင့်အာဟာရဓာတ် နှစ်မျိုးဖြစ်သည့် ကစီဓာတ် (ကာဗိုဟိုက်ဒရိတ်)နှင့် အသားဓာတ် (ပရိုတီန်း) တို့ထက် ပိုမိုဖြည့်ဆည်းပေးနိုင်ပြီး စားသုံးဆီတစ်ဂရမ်လျှင် ကိုးကီလိုကယ်လိုရီ ရရှိနိုင်ကြောင်းသိရပြီး မြန်မာနိုင်ငံ၏ ပြည်တွင်း စားသုံးဆီအသုံးပြုမှုမှာ တစ်ရက်လျှင် ခန့်မှန်းခြေပါ ၉၀၀၀ ခန့်ရှိကြောင်း လေ့လာမှုများအရ သိရသည်။

ဆေးထိုးမှားပြီးကလေးငယ်သေဆုံးမှုနှင့်ပတ်သက်၍ တရားမဝင်ဆေးထိုးသူကို အရေးယူ

မြို့သစ် ဇူလိုင် ၁၈

မြို့သစ်မြို့နယ် သံဘိုကျေးရွာ၌ တရားမဝင် ဆေးထိုးမှုကြောင့် ကလေးငယ်တစ်ဦး သေဆုံးခဲ့မှု ဇူလိုင် ၁၆ ရက်က ဖြစ်ပွားခဲ့ကြောင်း မြို့သစ်မြို့မရဲစခန်းမှ သိရသည်။ ဖြစ်စဉ်မှာ ဇူလိုင် ၁၆ ရက် နံနက် ၆ နာရီခွဲက မြို့သစ်ဆေးရုံမှ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန့်ဇင်မြင့်က ဆေးထိုးမှား၍ သေဆုံးနေသော သုံးနှစ်သားအရွယ် ယောကျ်ားလေးတစ်ဦး၏ အလောင်းတစ်လောင်း ဆေးရုံသို့ရောက်ရှိနေကြောင်း ဖုန်းဖြင့် အကြောင်းကြားချက်အရမြို့သစ် မြို့မရဲစခန်းမှ ဒုရဲအုပ်ဝင်းကျော်သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

သေဆုံးသူမှာ မြို့သစ်မြို့နယ် မကြီးထူးအုပ်စု သံဘိုကျေးရွာနေ ဦးသိန်းရွှေ၏ သားဖြစ်သူ ငြိမ်းချမ်းအောင် သုံးနှစ်ဖြစ်ပြီး ၄င်းမှာ ကျန်းမာရေးမကောင်းသဖြင့် ဖခင်ဖြစ်သူ ဦးသိန်းရွှေက တစ်ရွာတည်းနေ အေးလွင်(၄၂ နှစ်)အားခေါ်၍ ဆေးထိုးခဲ့ပြီးနောက် ငြိမ်းချမ်းအောင်မှာ အသက်ရှူကျပ်လာသဖြင့် ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးခြင်းဖြစ်ကြောင်း အမှုစစ်ရဲအရာရှိ၏ စစ်ဆေးချက်အရ သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍အေးလွင်အား ဆေးထိုးခွင့်မရှိဘဲ ဆေးကို ပေါ့လျော့စွာ အသုံးပြုမှုကြောင့် ကလေးငယ် သေဆုံးခြင်းကို ဒုရဲအုပ်ဝင်းကျော်ကတိုင်ကြားခဲ့သောကြောင့် မြို့သစ်မြို့နယ်မြို့မရဲစခန်းမှ (၀) စဉ်/၂၀၁၅ ပုဒ်မ၃၀၄-က ဖြင့် လည်းကောင်း၊ သေဆုံးသူ၏ ဖခင်ဖြစ်သူ ဦးသိန်းရွှေက ငြိမ်းချမ်းအောင်ကို ဆေးထိုးရာတွင် အသုံးပြုခဲ့သည့်သုံးစွဲပြီး ဆေးထိုးအပ်တပ်လျက် 5cc ပိုက်သုံးချောင်း၊ သုံးစွဲပြီး ဆေးထိုးအပ်တပ်လျက် 3cc ပိုက်နှစ်ချောင်း၊AMCO RTIN-CJECTION စာသားပါဆေးဘူးခွံတစ်ခု၊ REICHAMOX-250 စာသားပါဖြူနီရောင် ဆေးဘူးခွံတစ်ခု၊ HYDTOCORT -110 mg စာတန်းပါ အဝါရောင် ဆေးပုလင်းတစ်လုံး၊ STERIIE WATER စာသားပါ ဆေးပုလင်းတစ်လုံး၊ သုံးစွဲပြီး ဂျင်တာမိုက်ဆင်ဆာလဖိုင် ဆေးပုလင်းခွံ သုံးလုံး၊ ဒိုင်ပရိုဖိုင်လင်းဆေးပုလင်းခွံတစ်လုံး၊ ဘပလက်ဆေးပုလင်းခွံတစ်လုံးတို့ကို လာရောက်အပ်နှံခဲ့မှုကြောင့် အေးလွင်အားစစ်ဆေးခဲ့ရာ ဆေးထိုးခွင့် လိုင်စင်မရှိဘဲ ဆေးထိုးအပ်၊ ဆေးများကို ကိုင်ဆောင်အသုံးပြုသူ အေးလွင်အား အရေးယူပေးပါရန် ဒုရဲအုပ်ဝင်းကျော်က ဆက်လက်တိုင်ကြားခဲ့သောကြောင့် မြို့သစ်မြို့နယ် မြို့မရဲစခန်းမှ ဆေးကောင်စီ ဥပဒေပုဒ်မဖြင့်လည်းကောင်း ဆက်လက်အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်ဧေယျ

တိုင်းဒေသကြီးနှင့်ပြည်နယ်များ မိုးရွာနိုင်မည့် အခြေအနေ

နေပြည်တော် ဇူလိုင် ၁၈

ယနေ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း) နှင့် (အောက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (မြောက်ပိုင်း) နှင့် (အရှေ့ပိုင်း) တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရေဝေတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ကြောင်း သိရသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

(မြန်မာ့အလင်း)

မွေးနေ့ဆုတောင်း

၁၉-၇-၂၀၁၅ရက်တွင် ကျရောက်သော သမီးလေး ဒေါက်တာမြတ်နိုးဦး၏ (၂၃)နှစ်ပြည့် မွေးနေ့မှစ၍ ကျန်းမာချမ်းသာစွာ အသက်ရှည် နေထိုင်နိုင်ပါစေ၊ သွားလေရာတွင် ဆရာသမားကောင်း၊ မိတ်ဆွေကောင်းများနှင့် တွေ့နိုင်ပါစေ၊ အများပြည်သူကို စောင့်ရှောက်မှုပေးနိုင်သော ထူးချွန်ထက်မြက်သည့် ပညာရှင်တစ်ယောက် ဖြစ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်သော

ဖေဖေ၊ မေမေ - ဦးထွန်းထွန်းဦး- ဒေါ်တင်တင်ဝင်း
ကိုကြီး- မမ - ဗိုလ်ကြီး ဥာဏ်ရဲဝိုး- မအိအိလင်းအောင်၊ တူလေး မူတူး
အမှတ် (၇) တပ်မတော်ဆေးရုံ၊ လွှိုင်ကော်
ကိုလေး - ဒေါက်တာ စွမ်းဆောင်ဦး (Trust Oo Co.,Ltd.)

Spare Parts Sales Engineer(Heavy Machinery)

အမြန်အလိုရှိသည်

PRIME MOVING FORWARD AUTO SERVICE Co.,LTD.

အမှတ် ၇၄၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်တွင်တာဝန်ထမ်းဆောင်ရန်

အောက်ပါအရည်အချင်းများရှိရမည်
- BE/AGTI(Mechanical) (သို့) ဘွဲ့တစ်ခုခုရရှိပြီးသူ
- Heavy Machinery နှင့်ပတ်သက်သော Knowledge ရှိရမည်။
- English ဘာသာစကားအသင့်အတင့်ကျွမ်းကျင်ရမည်။
- အရောင်းအတွေ့အကြုံ နှစ်နှစ်နှင့်အထက်ရှိရမည်။
- Computer, E.mail, Internet ကျွမ်းကျင်စွာကိုင်တွယ်နိုင်ရမည်။
- Driving License ရှိရမည်။

E.mail ဖြင့် ပေးပို့လိုပါက winthein610@gmail.com သို့ပေးပို့နိုင်ပါသည်။
အသေးစိတ်သိရှိ လိုပါက ဖုန်း-၀၁-၆၄၀၀၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်အတွင်း ဆောင်ရွက်မည့် ကမ်းထိန်းလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူခြင်းနှင့် လုပ်ငန်းတစ်ရပ်လုံးတည်ဆောက်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချခြင်းနှင့် ဖွင့်လှစ်မည့်နေရာ** ------ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဘားအံမြို့
တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် ------ ၂၇-၇-၂၀၁၅ ရက်
တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန် ------ ၂၅-၈-၂၀၁၅ ရက်၊ ၁၂:၀၀ နာရီ
တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် ------ ၂၅-၈-၂၀၁၅ ရက်၊ ၁၅:၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၈)၊ မွန်ပြည်နယ်ရုံး၊ ဖုန်း-၀၅၇-၂၄၆၅၉ နှင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသခွဲ(၁၀) ဘားအံရုံး၊ ဖုန်း-၀၅၈-၂၂၅၀၂ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ ကင်းဝန်မင်းကြီးလမ်း၊ အိမ်အမှတ် (တ/၁၃၆)တွင် နေမင်းခြသော့်အုပ်စုကုမ္ဍဏီလီမိတက်အမည်ဖြင့် ဦးမင်းသီဟမွန် အသက် (၃၆)နှစ် (ဘ) ဦးပြည်အေး၊ ၃/ကဒနု(နိုင်)၀၁၀၆၈၆၊ မွန်/ဗုဒ္ဓ၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမှ မန်နေးဂျင်းဒါရိုက်တာအဖြစ်ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတွင် ပြုလုပ်ထားသည်။ ပို့ကုန်လိုင်စင်အမှတ်-EXPORTER (Named Address) 2Registration Nolvalid Date. 3382(12/06/2019)8. licence No-WQEL414-150156. 30/12/2014 ၏ ဒုတိယသက်တမ်းတိုးထားသည့် ပို့ကုန်လိုင်စင်မှာ ၄-၇-၂၀၁၅ ရက်၌ ခရီးသွားလာစဉ်ပျောက်ဆုံးသွားပါသဖြင့် ဖုန်း-၀၉-၂၅၀၈၄၄၄၄ သို့ ဆက်သွယ်ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/စရ၃၃၈ ဟွန်ဒါ၀ေ(ဖ်) 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့်ဦး ၁၀/ဒန(နိုင်)၁၄၀၈၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

အမည်ပြောင်း

ဘားအံမြို့နယ်၊ လှာကဒေါင်ကျေးရွာအုပ်စု၊ နိုင်းကြာကျေးရွာနေ ဦးစောမြတင်သန်း၏သား စောစိန်မင်း ၃/ဘအန(နိုင်) ၃၁၅၈၂၉ အား စောထိန်ထိန်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **စောထိန်ထိန်လင်း**

သွေးသည် အသက်

Basic Engineering Course
(လျှပ်စစ်၊ စက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်၊ အဲယားကွန်း)
အခြေခံ/ကျွမ်းကျင် သင်တန်း၊ တက်လိုသူများ၊
ပြည်တွင်း/ပြည်ပ– အလုပ်အကိုင်ရှာနေသူများ နှင့်
ဝန်ထမ်းကောင်းများရှာနေသည့် အလုပ်ရှင်များ
သုခစုစီ စက်မှုလက်မှုသင်တန်းကျောင်း **သို့ ဆက်သွယ်ပါ။**
ပန်းဆိုးတန်းမုတ်တိုင်၊ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊တိုက်အမှတ်(၅၀၆)။
Ph : (01) 377343 , 377344 , 385758 , 386877 , 392233

အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေး အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစို့

ကိုဌေး(ကနောင်)

(ယမန်နေ့မှအဆက်)

ဒါကြောင့် အားကစားဝန်ကြီးဌာနအနေနဲ့လည်း ဗဟိုကဦးစီးကျင်းပတဲ့ တိုင်းဒေသကြီး၊ ပြည်နယ် အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားအားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ၊ တံခွန်စိုက်အားကစားပြိုင်ပွဲများကိုလည်း နှစ်စဉ်သတ်မှတ်ချက်အချိန်ကာလအတိုင်း ပုံမှန်ကျင်းပနိုင်ရေးအတွက် အားကစားပြဋ္ဌာန်းကို တစ်နှစ်ခန့်ကြိုတင်ရေးဆွဲထုတ်ပြန်ပေးရမှာ ဖြစ်သလို၊ ပြိုင်ပွဲအဆင့်အတန်းမြင့်မားစေရေးအတွက်လည်း ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်စားပြု၊ ဝန်ကြီးဌာန ကိုယ်စားပြုအားကစားအသင်း၊ အဖွဲ့များရဲ့ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် အားကစားသမားများရွေးချယ်မှုကို ပြိုင်ပွဲများကျင်းပပြုလုပ်ပြီး ရွေးချယ်ခြင်းရှိ/မရှိ၊ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအထိ ကြိုတင်ပြင်ဆင်စုစည်းစခန်းသွင်း လေ့ကျင့်မှုရှိ/မရှိ ဆိုတဲ့ကိစ္စရပ်တွေကို ကြည့်ရှုစစ်ဆေးရမှာဖြစ်သလို ပြိုင်ပွဲဝင်အသင်းအဖွဲ့များရဲ့ လိုအပ်ချက်များရှိရင်လည်း ပံ့ပိုးဖြည့်ဆည်းပေးဖို့ အမှန်တကယ်လိုအပ်ပါတယ်။ ဗဟိုကဦးစီးကျင်းပတဲ့ အားကစားပြိုင်ပွဲတစ်ခုကို ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ပြိုင်ပွဲဝင်အသင်းများအနေနဲ့ ပြိုင်ပွဲများကျင်းပပြီး လူရွေးချယ်မှုမရှိခြင်း၊ ပြိုင်ပွဲဝင်နိုင်ဖို့ လေးလတန်သည် ခြောက်လတန်သည် လုံလောက်တဲ့ အချိန်ကာလတစ်ခုအထိ ကြိုတင်ပြင်ဆင်စခန်းသွင်းလေ့ကျင့်မှုမရှိခြင်း၊ ပြိုင်ပွဲများကျင်းပရေးနဲ့ ကြိုတင်ပြင်ဆင်လေ့ကျင့်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာလိုအပ်ချက်တွေကို တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးဖြည့်ဆည်းဆောင်ရွက်ပေးခြင်းမရှိဘဲ **အားကစားပြိုင်ပွဲများ ကျင်းပရင်ပြီးရော ဆိုတာမျိုးလုပ်နေခြင်းဟာ ပြိုင်ပွဲကျင်းပခြင်းရဲ့ ရည်ရွယ်ချက်အထမမြောက်တဲ့အပြင် အားလုံးအတွက် အချိန်ကုန်၊ ငွေကုန်၊ လူပန်းတာမျိုးပဲဖြစ်နိုင်တယ်ဆိုတာ ဆင်ခြင်သတိပြုကြရမှာ ဖြစ်ပါတယ်။**

အားကစားအောင်မြင်မှု ရွှေခေတ်ဖြစ်ခဲ့တဲ့ ၁၉၆၀ ပြည့်လွန်နှစ်များကို ပြန်ကြည့်ရင် ဗဟိုကဦးစီးကျင်းပတဲ့ အားကစားပြိုင်ပွဲတွေ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာရှိကြတဲ့ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်ရဲ့ ဦးဆောင်မှုနဲ့ကျင်းပတဲ့ ရပ်ကွက်၊ ကျေးရွာပေါင်းစုံ၊ မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံအားကစားပြိုင်ပွဲတွေ၊ ပညာရေးဝန်ကြီးဌာနက ဦးစီးကျင်းပတဲ့ အခြေခံပညာနဲ့ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများအပြင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ အားကစားဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်နဲ့ မြို့မိ၊ မြို့ဖများ၊ စေတနာရှင်၊ ဝါသနာရှင်များရဲ့ ကြိုးစားအားထုတ်မှုနဲ့ ကျင်းပခဲ့တဲ့ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွေရှိခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ယခင်က မန္တလေးတိုင်းဒေသကြီး ပျဉ်းမနားမြို့မှာ ပေါင်းလောင်းဒိုင်း၊ မိတ္ထီလာမြို့မှာ ထီလာမောင်ဖလား၊ ကူမဲမြို့မှာ မိုးအောက်မြေပြင်ဖိတ်ခေါ်ဖလား၊ မန္တလေးမြို့မှာ ဗဟူးကွင်းဖွင့်ဖလား၊ ရတနာပုံဖလား၊ အမှတ်ပေးဖလားစတဲ့ပြိုင်ပွဲတွေ ကျင်းပခဲ့သလို ပျော်ဘွယ်မြို့မှာ ရွှေစင်ရုပ်တုဖလား၊ မလိုင်မြို့မှာ ငွေစင်ဖလား၊ မြင်ဒြီမြို့မှာ မြေလတ်ဖလား၊ မြစ်သားမြို့မှာ ဂဠုန်မင်းဖလား၊ ကျောက်ဆည်မြို့မှာ ရွှေကုန်သည်များ ဒိုင်းပြိုင်ပွဲတွေ ကျင်းပခဲ့ကြပါတယ်။ မကွေးတိုင်းဒေသကြီးမှာဆိုရင်လည်း ချောက်မြို့မှာ သခင်ဖိုးလှ ကြီးဖလား၊ ပခုက္ကူမြို့မှာ မြေလတ်ရောဖလား၊ ရေနံချောင်းမှာ ရေနံ့သာဖလားစတဲ့ ပြိုင်ပွဲတွေ၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့မှာ ရွှေမင်းဝံဖလား၊ ရွှေဘိုမြို့မှာ အောင်ဇေယျဒိုင်းဆိုပြီး ပြိုင်ပွဲတွေ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့တာကြောင့် အရည်အချင်းပြည့်ဝတဲ့ ဘောလုံးသမားတွေပေါ်ထွက်ပြီး မြန်မာ့ဘောလုံးဟာ အားကစားနည်းအားလုံးမှာ အောင်မြင်မှုအမြင့်မားဆုံးရခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့ကြီးများမှာ ကျင်းပခဲ့တဲ့ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများအပြင် အခြားအားကစားနည်းအလိုက် ဖိတ်ခေါ်အားကစားပြိုင်ပွဲတွေ ပြန်လည်ဖြစ်ထွန်းပေါ်ပေါက်ရေးကိုလည်း စည်းရုံးဆောင်ရွက်ဖို့ လိုအပ်လှပါတယ်။ အားကစားသမားကောင်းတွေ ပေါ်ထွက်ဖို့ဆိုရင် အားကစားပြိုင်ပွဲတွေ မြန်မာပြည်အနှံ့ ကျင်းပနေဖို့လိုပါတယ်။ **မြန်မာ့အားကစားအောင်မြင်ရေးအတွက် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးနိုင်ခြင်းက လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တယ်ဆိုတဲ့အချက်ကိုလည်း မမေ့မလျော့ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။**

မြန်မာ့အားကစား မြင့်မားတိုးတက်ရေးအတွက် အခြေခံအကျဆုံး ဆောင်ရွက်ရမယ့် လုပ်ငန်းတစ်ခုကတော့ အားကစားကွင်း၊ အားကစားရုံများ ပြုပြင်မွမ်းမံခြင်း၊ အဆင့်မြှင့်တင်ခြင်းနဲ့ အသစ်တည်ဆောက်ပေးခြင်းလုပ်ငန်းတွေပါပဲ။ ရပ်ကွက်/ကျေးရွာအဆင့်မှသည် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အားကစားပြိုင်ပွဲများအဆင့်မီစွာ ကျင်းပနိုင်ရေးအတွက် အဆင့်လိုက်အားကစားကွင်း၊ အားကစားရုံများ၊ မီတာ(၄၀၀) ပြေးလမ်းများ ကောင်းမွန်နေအောင်လည်း ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အများပြည်သူများ အချိန်မရွေးလွတ်လပ်စွာ ဝင်ထွက်ကစားနိုင်အောင်၊ ကစားချင်လာအောင် အားကစားကွင်း၊ အားကစားရုံများ ပရိဝုဏ်အတွင်း သန့်ရှင်းသပ်ရပ်မှုရှိအောင်၊ ဝင်လမ်းထွက်လမ်းများကောင်းအောင်၊ ပွဲကြည့်စင်များ သန့်ရှင်းသပ်ရပ်မှုရှိနေအောင်၊ အားကစားကွင်းများစိမ်းလန်းနေအောင်၊ အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်စုံနေအောင်၊ ဖြစ်နိုင်ရင် အားကစားပစ္စည်းနဲ့ အားကစားဝတ်စုံ အရောင်းဆိုင်တွေဖွင့်လှစ်ပေးနိုင်အောင်၊ သန့်ရှင်းသပ်ရပ်တဲ့ စားသောက်ဆိုင်များ၊ သန့်ရှင်းတဲ့အများသုံးအိမ်သာများ အပါအဝင် အားကစားကွင်းဆိုင်းဘုတ်တွေကအစ သန့်ရှင်းတောက်ပြောင်ပြီး "SPORTS FOR ALL" (မည်သူမဆို လွတ်လပ်စွာကစားနိုင်သည်) စသည့် ဆောင်ပုဒ်များ ရေးသားချိတ်ဆွဲထားရှိတာတွေပြည့်စုံအောင် စီစဉ်ဆောင်ရွက်ပေးပြီး **လူငယ်များနဲ့ အများပြည်သူများအားကစားကို စိတ်ပါဝင်စားပြီး အားကစားကွင်း/ရုံများအတွင်း ဝင်ရောက်လှုပ်ရှားကစားလာအောင် စည်းရုံးလှုံ့ဆော်ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။**

တစ်ဖက်က အားကစားပြိုင်ပွဲများ မြန်မာပြည်အနှံ့ကျင်းပဆောင်ရွက်နေသလို ပြိုင်ပွဲများမှ ထွက်ပေါ်လာသည့်အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများအား ရေရှည်ပြုစုပျိုးထောင်ရေးအစီအစဉ်အဖြစ် အားကစားတက္ကသိုလ်နဲ့ အားကစားသိပ္ပံကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေတဲ့နည်းတူ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အားကစားနည်းတစ်ခုချင်းအလိုက် အထူးပြုသင်ကြားပေးတဲ့ အားကစားအကယ်ဒမီကျောင်းများဖွင့်လှစ်၍ ရေရှည်ပြုစု ပျိုးထောင်လေ့ကျင့်ပေးသည့်လုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေဖို့လည်း အထူးလိုအပ်လှပါတယ်။ အာဆီယံနိုင်ငံများရဲ့ ဒေသတွင်းအားကစားပြိုင်ပွဲဖြစ်တဲ့ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ မြန်မာနိုင်ငံအနေနဲ့ အမြဲတစေထိပ်တန်းက ရပ်တည်နိုင်ဖို့ဆိုရင် အားကစားတက္ကသိုလ်၊ အားကစားသိပ္ပံကျောင်းများနဲ့ အားကစားအကယ်ဒမီများတွင် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်များအား စိစစ်ရွေးချယ်၍ ရေရှည်ပြုစုပျိုးထောင်လေ့ကျင့်ပေးပြီး အားကစားနည်းအလိုက် အရည်အသွေးပြည့်ဝသည့် အားကစားသမားများအား မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်အသီးသီးတို့ စဉ်ဆက်မပြတ် ပို့ဆောင်ပေးနိုင်မှုအပေါ်တွင် မူတည်လျက်ရှိသဖြင့် **အားကစားအကယ်ဒမီများ တိုင်းဒေသကြီး/ ပြည်နယ်အနှံ့ ဖွင့်လှစ်ပေးနိုင်ရေးမှာလည်း အလေးထားဆောင်ရွက်သင့်တဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။**

မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များအနေနဲ့လည်း မိမိတို့ အားကစားအဖွဲ့ချုပ်အလိုက် စခန်းသွင်းလေ့ကျင့်လျက်ရှိတဲ့ မြန်မာ့လက်ရွေးစင်၊ ပဏာမလက်ရွေးစင်များနဲ့ အလားအလာရှိတဲ့ မျိုးဆက်သစ်အားကစားသမားများအား နေ့စဉ် သတ်မှတ် Training Program များအတိုင်း နည်းစနစ်မှန်မှန် ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်လေ့ကျင့်စေရေး စစ်ဆေးကြပ်မတ်ခြင်း၊ နည်းပြများနှင့် အားကစားသမားများ၏ စည်းကမ်းကောင်းမွန်ရေး၊ နေထိုင်စားသောက်ရေး၊ သွားလာရေး၊ ကျန်းမာရေး၊ စိတ်အပန်းဖြေရေး၊ သက်သာချောင်ချိရေး၊ သက်ဆိုင်ရာအားကစားနည်းနဲ့ ပတ်သက်တဲ့ နည်းစနစ်၊ နည်းဥပဒေများ၊ တတ်ကျွမ်းနားလည်ရေး၊ အာဆီယံနိုင်ငံများမှ ပြိုင်ဘက်အားကစားသမားများ၏ အားနည်းချက်၊ အားသာချက်အခြေအနေများ သိရှိရေး၊ အားကစားသမားတစ်ဦးချင်းစီ၏ ကြံ့ခိုင်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှုများ အပါအဝင် စံချိန်စံညွှန်းကောင်းမွန်တိုးတက်ရေး၊ ပြိုင်ပွဲအတွေ့အကြုံရရှိရေးအတွက် နိုင်ငံတကာအားကစားအဖွဲ့ချုပ်များနှင့်မပြတ်ဆက်သွယ်၍ ပြည်ပအားကစားပြိုင်ပွဲများ၊ ဖိတ်ခေါ်အားကစားပြိုင်ပွဲများယှဉ်ပြိုင်ရေး၊ ပြည်တွင်းဖိတ်ခေါ်ပြိုင်ပွဲများကျင်းပရေး၊ အားကစားနည်းအလိုက်တိုးတက်တဲ့ နိုင်ငံများသို့ ပူးတွဲလေ့ကျင့်မှုစေလွှတ်ရေး၊ ပြည်တွင်းသို့ဖိတ်ခေါ်၍ပူးတွဲလေ့ကျင့်ရေး၊ အားကစားစိတ်ပညာ၊ အားကစားဆေးပညာ အခြေခံများအား သိရှိအောင်ပညာပေးရေး၊ အားကစားနည်းအလိုက် လေ့ကျင့်မှုအပေါ်မူတည်၍ စားသောက်ရမည့် ကယ်လိုရီလိုအပ်ချက်များ သိရှိစေရန် ပညာပေးရေးလုပ်ငန်းများအပါအဝင် အားကစားသမားများရဲ့ နောင်ရေးအဆင်ပြေစေရေး ကိစ္စရပ်များကိုပါ လစ်ကွက်ဟာကွက်မရှိရအောင် တာဝန်ရှိသူအဆင့်ဆင့်မှ စီမံဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များစွာ ရှိသော်လည်း အခြေခံကျကျဆောင်ရွက်ရမည့် မြန်မာပြည်အနှံ့ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် ဒေသတွင်းအားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်အဆင့်မီစွာကျင်းပရေး၊ အခြေခံပညာကျောင်းပေါင်းစုံနဲ့ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများ အဆင့်မီစွာ နှစ်စဉ်မပျက်မကွက်ကျင်းပရေး၊ ဒေသတွင်းဖိတ်ခေါ်အားကစားပြိုင်ပွဲများ ပြန်လည်ဖြစ်ထွန်းပေါ်ပေါက်အောင် စည်းရုံးဆောင်ရွက်ရေး၊ ဗဟိုမှဦးစီးကျင်းပတဲ့ **အားကစားပြိုင်ပွဲများ အားကစားပြဋ္ဌာန်းအတိုင်းအဆင့်မီစွာ ပုံမှန်ကျင်းပနိုင်ရေးတို့၊ အား အပိုင်းကဏ္ဍအလိုက် တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်စစ်ဆေးဆောင်ရွက်ကြမယ်ဆိုရင်-----**

ပြိုင်ပွဲအသီးသီးမှထွက်ပေါ်လာမည့် အလားအလာရှိသည့်မျိုးဆက်သစ်များအား အားကစားတက္ကသိုလ်၊ အားကစားသိပ္ပံကျောင်းများနှင့် အားကစားအကယ်ဒမီများမှ ရေရှည်ပြုစုပျိုးထောင်လေ့ကျင့်၍ **မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးသို့ အရည်အသွေးပြည့်ဝသည့် အားကစားသမားများ စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးနိုင်ကြမယ်ဆိုရင်-----**

မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များအနေနဲ့ နိုင်ငံတကာပြိုင်ပွဲများ အဆင့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်၍အောင်နိုင်ဆုများ ဆွတ်ခူးနိုင်ရေးအတွက် မြန်မာ့လက်ရွေးစင်အားကစားသမားများရဲ့ **စည်းကမ်းကောင်းမွန်ရေး၊ အားကစားအရည်အချင်းနဲ့ ပြိုင်ပွဲအတွေ့အကြုံပြည်ဝရေးများအပါအဝင် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များအား စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြမယ်ဆိုရင်-----**

နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုနဲ့အတူ ပြည်သူလူထုတစ်ရပ်လုံးက မြန်မာ့အားကစားမြင့်မားတိုးတက်ရေးလုပ်ငန်းစဉ်များတွင် **လူထုအားကစားလှုပ်ရှားမှုများ(Mass Sports)အား အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်ကြမယ်ဆိုရင်----**

အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာမယ်ဆိုတာ မုချကေန် မလွဲအမှန်ဖြစ်ပါတယ်။

(၆၈)နှစ်မြောက် အာဇာနည်နေ့ဂုဏ်ပြု ကဗျာရွတ်ဆိုပြိုင်

မြစ်ကြီးနား ဇူလိုင် ၁၈

ပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း မူလတန်းအောက်အဆင့် (၆၈)နှစ်မြောက် အာဇာနည်နေ့ဂုဏ်ပြုကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားပညာရေးကောလိပ် အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မူလတန်းအောက်အဆင့် ဒုတိယတန်း ကျောင်းသား ကျောင်းသူများက အောင်ဆန်းဇာနည်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပထမတန်းကျောင်းသား ကျောင်းသူများက အာဇာနည်နေ့ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သူငယ်တန်းနှင့်မူကြိုကျောင်းသား ကျောင်းသူများက ဂုဏ်ပြုကြိုဆိုခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရွတ်ဆိုကြကြောင်း သိရသည်။ **စိန်ဝင်း(ပြန်/ဆက်)**

အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်

သံဖြူဧရပ် ဇူလိုင် ၁၈

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းကို သံဖြူဧရပ်မြို့နယ် ဆင်တောင်ကျေးရွာအုပ်စု ကဒတ်ထောက်ကျေးရွာ၌ ဇူလိုင် ၁၁ ရက်ကဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းသို့ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးနှင့် အဖွဲ့တက်ရောက်ဖွင့်လှစ်ပေးရာ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လွန်ခဲ့သည့် ၆၈ နှစ်က သူတို့ဤသို့မြင်တွေ့ခဲ့ကြသည်

တွေ့ဆုံမေးမြန်း - ခင်မောင်ထွေး ၊ ဝင်းဝင်းမော်

ဦးချစ်မောင်

ခေါ်သန်းမြင့်

ဦးထွန်းရီ

လွန်ခဲ့သည့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့(စနေနေ့) နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီးများ ရန်ကုန်မြို့အတွင်း၀န်များရုံးခွဲ လုပ်ကြံခံခဲ့ရသည့် သတင်းသည် တစ်မုဟုတ်ချင်း ရန်ကုန်မြို့တွင်း ပျံ့နှံ့သွားသည်။

ထို့နောက် နာရီပိုင်းအတွင်း တစ်နိုင်ငံလုံး ပျံ့နှံ့သွားသည်။ ထိုနေ့မကုန်မီ ပြည်သူက ထိုသတင်းဆိုးကိုကြားသိခဲ့ကြပြီးနောက် တစ်တိုင်းပြည်လုံး တိတ်ဆိတ် ငြိမ်သက်သွားသည်။

"မိုးကစိုစို၊ ကျီးအုပ်ပြို၍
ထိုမှဤမှ၊ ထိုလမ်းမတွင်
ပျံကြဝဲကြ၊ ငရဲထသို့
အုံကြွမြည်အား၊ မသာယာကို
ငါကြားခဲ့၏၊ မှတ်မိ၏
ထိုနေ့၌ပင်၊ ထိုချိန်ထင်၏
သခင်အောင်ဆန်း၊ ပြည်သူ့ပန်းသည်
ပွင့်လန်းခါစ၊ ကြွေလိုက်ရ၏
မြေခသတင်း၊ မိုးကြိုးခွင်းသို့
အိမ်တွင်း အိမ်ပြင်၊ တို့လမ်းခွင်၌
မချင့်မရဲ၊ ဝမ်းနည်းခံခက်
မျက်စိမျက်နှာ၊ ညှိုးကြရှာသည်
ရွာဦးပိုင်းမှ သချိုင်းထိ" ဟူ၍ ဆရာဇော်ဂျီက ထို့နေ့ ထိုဖြစ်ရပ် ဆိုးကြီးနှင့် ပြည်သူတို့၏ခံစားချက်တို့ကို "ပြောလိုက်ပါဘိ၊ ဟောပါဘိ" ကဗျာတွင် "ငါ့ညီ ပြောင်ဝင်းသို့" ဟူ၍ ဆိုခဲ့ပါအတိုင်း စပ်ဆိုသီကုံးခဲ့သည်။

"ဗိုလ်ချုပ်တို့ကျဆုံးတော့ ရန်ကုန်မြို့ကြီးတစ်မြို့လုံး မကြုံစဖူး ခြောက်ကပ်ပြီး တိတ်ဆိတ်သွားတာပဲ။ မြို့ပျက်ကြီးတစ်ခုလိုကိုဖြစ်သွားတာ" ဟု ရန်ကုန်မြို့ သုဝဏ္ဏမြို့ ပေါ်ဆန်းမွေးလမ်းနေ ယခုအသက် (၉၂) နှစ်အရွယ်ရှိ ဦးချစ်မောင်က ဆိုသည်။

"ကျွန်တော်တို့က လူငယ်အရွယ်ပဲရှိပေမယ့် သူငယ်ချင်းတွေနဲ့ အာဇာနည်ကြီးတွေ အလောင်းပြင်ထားတဲ့ ဂျူဗလီဟောကိုသွားပြီး ဂါရ၀ပြုခဲ့တယ်။ လူတွေကများလွန်းလို့ တစ်သုတ်ပြီး တစ်သုတ်ဝင်ရတယ်။ လူတိုင်းနီးပါး ငိုကြတာတွေ့ရတယ်" ဟု ဦးချစ်မောင်ကပြောသည်။

ထိုစဉ်က ကြည့်မြင်တိုင်မြို့နယ် အုန်းပင်လမ်းနေ ယခု အသက်(၉၀)အရွယ်ရှိ ဒေါ်သန်းမြင့်က"အဘွားက အဲဒီအချိန်က အပျိုအရွယ်ဆိုတော့ အဲဒီခေတ်က ထုံးစံအတိုင်း အပြင်ဘက်မထွက်ကြဘူး။ ဒါပေမယ့် အိမ်ထဲကနေ ဗိုလ်ချုပ်တို့ ကျဆုံးတဲ့သတင်းကို ကြားရတယ်။ နောက်ပြီး လူတွေငိုကြတာ တွေ့ရတယ်" ဟု ပြောသည်။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) (၇၀)ရပ်ကွက် မင်းရဲကျော်စွာလမ်းနေ အသက် (၉၀) အရွယ် အဘဦးထွန်းရီက "ဗိုလ်ချုပ်က ကျိုက်လတ်ဘုရားကြီးထဲမှာ တရားလာဟောတာကို မြင်ဖူးတယ်။ ရန်ကုန်ကနေ ကျိုက်လတ်ကမ်းပေါ်အတက် စွပ်ကျယ်ကျိုင်းပြတ်နဲ့ပေါ့။ အဲဒီအချိန်မှာ အဘက အသက် (၂၀) အရွယ်ပေါ့။ စျေးသွားဝယ်ရင်း မြင်ဖူးတာ၊ နောက်တစ်ခါ ရွှေတိဂုံဘုရားခြေရင်းမှာ နိုင်ငံရေးတရားဟောတာ တစ်ခါတွေ့ဖူးတယ်။ ဗိုလ်ချုပ်က ဟောတဲ့အခါ ပြတ်ပြတ်သားသား တိတိကျကျပြောတာပဲ။ ပြည်သူတွေကတော့ ဗိုလ်ချုပ်ရောက်တဲ့နေရာတိုင်းမှာ ကြိတ်ကြိတ်တိုးပဲ။ မြင်ဖို့တောင် ခက်ခဲတယ်" ဟုဆိုသည်။

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် (၁၀)ရပ်ကွက် ပြည်တော်သာလမ်းနေ အသက် (၈၃)နှစ် အရွယ်ရှိ အဘဦးသုဝေက "ဗိုလ်ချုပ်ဆုံးတဲ့အရွယ်က ကျွန်တော်က ၁၅ နှစ်၊ ၁၆ နှစ်အရွယ်ပေါ့၊ ဗိုလ်ချုပ်ကို တစ်ခါပဲ တွေ့ဖူးတယ်။ သူမဆုံးခင် ၁၉၄၇ ခုနှစ် လူထုရွေးကောက်ပွဲအတွက် ကျွန်တော်တို့တောင်ငူမှာ တရားဟောတာမြင်ဖူးတယ်။ ကျွန်တော်က ဗိုလ်ချုပ်ဟောတဲ့ စင်ရဲ့ဘေးနားထောင့်မှာ သွားနားထောင်တာပဲ။ ဗိုလ်ချုပ်ရဲ့ အမှတ်တရတွေ၊ ဆောင်ရွက်ခဲ့ တာတွေကတော့ အများကြီးပါပဲ။ အရင်ကတောင်ငူ-ပျဉ်းမနား-လယ်ဝေးတို့ဆိုတာက ကွန်မြူနစ်လွှမ်းမိုးတဲ့ဒေသတွေပဲ။ တောင်ငူမှာလည်း နိုင်ပါ့မလားဆိုပြီး တကယ်တမ်းကျတော့ တောင်ငူမှာ ကွန်မြူနစ်ကမနိုင်ခဲ့ဘူး။ ဗိုလ်ချုပ်က အပြတ်အသတ်အနိုင်ရခဲ့တယ်။ ဒီဒေသမှာ တောင်သူလယ်သမားတွေ အများဆုံးပဲ။ ဒီလိုတရားဟောတာကို ကျွန်တော့်အနေနဲ့ မျက်မြင်တွေ့ဖူးတာပါ။ ဗိုလ်ချုပ်က စကားပြောတဲ့အခါ ပြတ်သားတယ်။ ဒါပေမယ့် စကားလုံးကဝါးတယ်" ဟု အမှတ်တရဆိုသည်။

"ဗိုလ်ချုပ်တို့ကျဆုံးတဲ့အခြေအနေကို ရေဒီယိုကနေ ကြားတဲ့အခါ မြို့ကတိတ်ဆိတ်ပြီး ခြောက်ကပ်သွားတယ်။ ရေဒီယိုကလွင့်တာ အင်မတန် ဝမ်းနည်းစရာကောင်းတယ်။ ဗိုလ်ချုပ်က အမျိုးသားခေါင်းဆောင်ကြီး၊ သူရဲကောင်းကြီးလေ။ ဒီလိုဖြစ်ဖို့ကလည်း လွယ်ကူတဲ့ကိစ္စမဟုတ်ဘူး။ သူက တိုင်းပြည်ကို လမ်းပြသွားတယ်။ စျာပနအခမ်းအနားမှာ ဦးနုပြောသွားတဲ့ မိန့်ခွန်းရှိတယ်။ ခေါင်းဆောင် ကြီးများ ကျဆုံးသွားတဲ့အတွက် ဝမ်းနည်းတာတော့ ဝမ်းနည်းတာပေါ့။ ဒါပေမယ့် အမြဲတမ်း ဝမ်းနည်းနေစရာ မလိုဘူး။ ဗိုလ်ချုပ်ချမှတ်ထားတဲ့ မဏ္ဍိုင်(၅)ရပ်ကို အမြဲတမ်းစိုက်ထူပြီး ဆောင်ရွက်ဖို့ မှာတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ ကျဆုံးခဲ့သည်မှာ ယခု ၂၀၁၅ ခုနှစ်ဆိုလျှင် (၆၈)နှစ်မြောက် တိုင်ခဲ့ချေပြီ။ သို့တစေ အာဇာနည်မျိုး သေရိုးမရှိဆိုသည့်နှယ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ၏ ဂုဏ်သတင်းမှာ ယခုတိုင် မြန်မာ့မြေပေါ်တွင် မွှေးပျံ့သင်းကြိုင်ပျံ့လွင်နေဆဲ။

နိုင်ငံချစ်စိတ် မျိုးချစ်စိတ်တည်းဟူသည့် အာဇာနည်တို့၏ ဝိညာဉ်တို့ကလည်း မြန်မာလူငယ်တို့၏ နှလုံးသားဝယ် လက်ဆင့်ကမ်း သက်ဝင်ရှင်သန်နေဆဲ။ သို့ဖြင့် သားစဉ်မြေးဆက် ပြောထုံးဖြစ်အောင် မြန်မာတစ်မျိုးသားလုံးက အာဇာနည်နေ့ရယ်ကိုဖြင့် ကမ္ဘာတည်သရွေ့ ဆက်လက်ကျင်းပနေဦးမည် ဖြစ်ပေသည်။ ။

ရေးမြို့နယ်၌ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများကျင်းပ

ရေး ဇူလိုင် ၁၈

ရေးမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ကျင်းပသည့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလားအမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အခြေခံပညာကျောင်းပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို မြို့နယ်ပြည်သူ့ အားကစားရုံ၌ ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲတွင် ကျောင်းသူလေးများကသရုပ်ဖော်ပြသခြင်း၊ အေရိုးဗစ် ပြသခြင်း၊ မွန်ရိုးရာအကပြသခြင်းများဖြင့် ဖျော်ဖြေတင်ဆက်ပေးသည်။

အဆိုပါ အားကစားပြိုင်ပွဲများအနက် အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်း ပထမပွဲစဉ်မှ အားကစားသမားများ ယှဉ်ပြိုင်ကြရာ ပြည်နယ်၀န်ကြီး ဒေါက်တာ တိုးတိုးအောင်နှင့် ပြည်နယ်အား/ကာမှ တာ၀န်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာ၀န်ရှိသူများနှင့် အားကစား၀ါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ရေး)

စိုက်ပျိုးရေးနှင့်မွေးမြူရေး ချေးငွေများပေးအပ်

ရပ်စောက် ဇူလိုင် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့ ရတနာသီရိခန်းမ၌ ဇူလိုင် ၁၆ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားမြှင့်တင်ရေး အစီအစဉ်ဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေး ချေးငွေများ ပေးအပ်ပွဲအခမ်းအနား ကျင်းပရာ ပြည်နယ် စီမံကိန်းနှင့်စီးပွားရေး၀န်ကြီး ဦးအောင်ကျော်ညွှန့်တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် China Exim Bank ၏ အမေရိကန်ဒေါ်လာသန်း ၃၀၀ ပုံပိုးချေးငွေမှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသမဝါယမအသင်း ၁၁၂ သင်းကို မိုးသီးနှံစိုက်ပျိုးစရိတ် ပံ့ပိုးချေးငွေနှင့် မွေးမြူရေးသမဝါယမအသင်း ၁၃ သင်းအား မွေးမြူရေးစရိတ် ပံ့ပိုးချေးငွေများကို လည်းကောင်း၊ Hire Purchase စနစ်ဖြင့် ရောင်းချပေးသည့် လယ်ယာသုံးစက်ကိရိယာများ၀ယ်ယူရန် သမဝါယမအသင်း ၂၂ သင်းမှ အသင်းသား တောင်သူများသို့ ပံ့ပိုးချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မိုးသီးနှံစုံ စိုက်စရိတ်ချေးငွေများ ထုတ်ပေးနိုင်ရေး ကြန့်ကြာမှုများရှိနေ

စဉ်ကူး ဇူလိုင် ၁၈

စဉ်ကူးမြို့နယ်တွင် ၂၀၁၅ မိုးသီးနှံစုံထုတ်လုပ်မှုအတွက် ကျေးရွာအုပ်စု ၃၆ အုပ်စုရှိ တောင်သူပေါင်း ၇၅၀၀ ခန့်အား ထုတ်ချေးပေးရန် စဉ်ကူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ဘဏ်ချေးငွေများ မေလကတည်းက ရောက်ရှိနေသော်လည်း ယနေ့အချိန်ထိ တောင်သူများလက်ဝယ်သို့ ချေးမပေးနိုင်သေးဘဲ ကြန့်ကြာမှုများရှိနေကြောင်း သိရသည်။

စဉ်ကူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးချေးငွေများ တောင်သူများလက်ဝယ်သို့ အမြန်ဆုံးချေးပေးနိုင်ရေးအတွက် အမှုတွဲများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုပြီး ဇူလိုင် ၇ ရက် နောက်ဆုံးထားတင်ပြရန် အကြောင်းကြား ထားကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရှိရသော်လည်း ယနေ့အချိန်ထိ လာရောက်တင်ပြနိုင်ခြင်း မရှိသေးဘဲ ကြန့်ကြာလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးရာသီချေးငွေများ ထုတ်ချေးရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင် ပုံစံ(၇)ရှိပြီး မိုးစပါးအမှန်စိုက်ပျိုးသူများကိုသာ ထုတ်ချေးပေးသွားမည်ဖြစ်၍ အချို့တောင်သူများသည် မိုးစပါးစိုက်သော်လည်း ပုံစံ(၇)မတင်ပြနိုင်ခြင်း၊ အချို့တောင်သူများအနေဖြင့် ပုံစံ(၇)လျှောက်ထားသော်လည်း မရရှိသေးခြင်း၊ အချို့ ပုံစံ(၇)ရှိပြီးဖြစ်သော်လည်း အဆင့်ဆင့် မြေယာလက်ဆင့်ကမ်းဆောင်ရွက်ခဲ့မှုကြောင့် ဦးပိုင်အမည်လွှဲမှားနေခြင်း၊ အချို့မြေရှင်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပုံစံ(၇)လျှောက်ထားရန် ခက်ခဲနေခြင်း၊ အချို့မှာ ပုံစံ(၇)ရှိပြီး ယာမှလယ်ပြောင်းစိုက်ရာတွင် အထောက် အထားများ မရှိသေးခြင်း စသည်တို့ကြောင့် တောင်သူများအနေဖြင့် စိုက်ပျိုးချိန် ကျော်လွန်နေပြီး ယနေ့အချိန်အထိ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ် ချေးပေးနိုင်ရန် နှောင့်နှေးကြန့်ကြာလျက်ရှိကြောင်း သိရသည်။

၀င်းမောင်

မိုယ်းကောင်းအေးစေတီတော် ပြန်လည်ပြုပြင်

ပုသိမ်ကြီး ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် တောစုကျေးရွာ သီရိရတနာ ရွာဦးကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူသည့် မိုယ်းကောင်းအေးစေတီတော်မြတ်အား အသစ်ထပ်မံပြုပြင်လျက်ရှိရာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကာရုဏိက ဦးစီး၍ စေတီတော် ပြုပြင်မွမ်းမံရေးကော်မတီဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ စုပေါင်း၍ စေတီတော်မြတ်ကြီးအား အသစ်ထပ်မံပြုပြင်မွမ်းမံလျက်ရှိကြောင်း သိရသည်။

အဆိုပါစေတီတော်မြတ်ကြီးသည် နှစ်ပေါင်း ၈၀ ကျော် ရှိပြီဖြစ်ပြီး ယခင်ဘုဏ်တော်အမြင့်မှာ ကိုးတောင်မှ ယခု ထပ်မံ၍ ဘုဏ်တော်အမြင့် ၄၇ပေ ကိုးလက်မအထိ ရွှေတိဂုံစေတီတော်မြတ်ကြီးပုံစံအတိုင်း တည်ထားကိုးကွယ်သွားမည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးထွေးက ပြောသည်။ အနယ်နယ်အရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်များ ပါဝင်လှူဒါန်းမည်ဆိုပါက ဖုန်း-၀၉-၃၃၁၂၁၀၀၊ ၀၉-၉၁၀၅၇၄၉၊ ၀၉-၄၄၄၀၃၂၂၅၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

အမျိုးသားအဆင့် ရုပ်ဝတ္ထုဆိုင်ရာ သတင်းအချက်အလက် အဆောက်အအုံအကောင်အထည်ဖော်ရန် ညှိနှိုင်း

နေပြည်တော် ဇူလိုင် ၁၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနတို့က ကြီးမျူးပြီး ဂျပန်နိုင်ငံ Center of the International Cooperation for Computerization (CICC) ဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော National Spatial Data Infrastructure(NSDI) စီမံကိန်း အကောင်အထည်ဖော်နိုင်ရေးနှင့် ဦးစီးကော်မတီဖွဲ့စည်းနိုင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၄ ရက်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများချမှတ်ရေးဆွဲအကောင်အထည်ဖော်ရာတွင် NSDI စနစ်၏ဦးစီးကော်မတီအနေနှင့်သက်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ NSDI စနစ်ကို စီမံခန့်ခွဲကြီးကြပ်နိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်မည့်စီမံကိန်းများအကြား မူဝါဒညှိနှိုင်းဖော်ထုတ်နိုင်ရန်လိုအပ်သော သတင်းအချက်အလက်စီးဆင်းမှုလွယ်ကူချောမွေ့စေရန် Platform အဖြစ် NSDI စနစ်ကဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ NSDI စနစ်တွင် Data Infrastructure သည် အစိတ်အပိုင်းတစ်ခုသာလျှင်ဖြစ်ပြီး စနစ်တစ်ခုလုံး ချောမွေ့စွာ စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဦးစီးကော်မတီကချမှတ်ပေးမည့် Data Sharing မူဝါဒများ စသည်ဖြင့် အခြားအစိတ်အပိုင်းများစွာ လိုအပ်မည်ဖြစ်ကြောင်း။

အမျိုးသားအဆင့် ရုပ်ဝတ္ထုဆိုင်ရာ သတင်းအချက်အလက် အဆောက်အအုံ(National Spatial Data Infrastructure -NSDI)တွင် စကေးအမျိုးမျိုးဖြင့် ပြုစုရေးဆွဲထားသော ဒီဂျစ်တယ်မြေပုံများကို Data Layer တစ်ခုအဖြစ်ပါဝင်စေပြီး ဒေသဧရိယာအလိုက် သန်းခေါင်စာရင်းအချက်အလက်များ၊ ရာသီဥတု၊ ဒေသထွက်ကုန်နှင့် မြေဆီလွှာအခြေအနေ၊ သဘာဝသယံဇာတအခြေအနေအစရှိသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပံ့ပိုးပေးနိုင်မည့် မြေပြင်လက်ရှိအချက်အလက်များကို ထပ်ပိုးဒေတာအလွှာများအဖြစ် ICT နည်းပညာအသုံးပြုပေါင်းစပ်ထည့်သွင်းထားရှိမည်ဖြစ်ကြောင်း။

ထို့အပြင် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများသာမက အာဆီယံနိုင်ငံအချို့ပင်လျှင် NSDI စနစ်အကောင်အထည်ဖော် အသုံးချခြင်းဖြင့် ယင်းစနစ်၏အကျိုးကျေးဇူးများအား ယခင်နှစ်အတန်ကြာကပင်ရရှိခံစားလျက်ရှိပြီး ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့်လျှပ်စစ်ဆက်သွယ်ရေးဌာနခွဲ၊ စီးပွားရေးနှင့် သတင်းအချက်အလက် မူဝါဒဗျူရို၊ Assistant Director Mr.Yutaka Endow က အဖွင့်အမှာစကားပြောကြားပြီးအစည်းအဝေးတက်ရောက်လာကြသော တာဝန်ရှိသူများက မြန်မာ NSDI စနစ်နှင့်ပတ်သက်သော အချက်အလက်များ၊ အခြေခံမူဝါဒများချမှတ်နိုင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

အာဇာနည်နေ့ဂုဏ်ပြု စာပတ်ဝိုင်းကျင်းပ

မိုးနဲ ဇူလိုင် ၁၈

အာဇာနည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် အမက(မူလွန်)ကျောင်းခန်းမ၌ ကျောင်းသားကျောင်းသူလေးများအား ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေရန်ရည်ရွယ်၍ ဇူလိုင် ၁၆ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်ဝိုင်းပြုလုပ်ပေးခြင်း၊ အာဇာနည်နေ့အကြို ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြခန်း၊ ပြပွဲပြသပေးခြင်းတို့ကိုဆောင်ရွက်ပေးကြောင်း သိရသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးစပယ်ဖြူက အမှာစကားပြောကြားပြီး မြို့နယ် ပြန်/ဆက် ဒုတိယဦးစီးမှူး ဦးမျိုးညွှန့်ရွှေက စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများ အကြောင်း ရှင်းလင်းပြောကြားခဲ့ကာ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝင်းမင်းသန်း(ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ပေါင် ဇူလိုင် ၁၈

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ် ပေါင်မြို့နယ် အလှပ်-သပြေကုန်းကျေးရွာ ချင်းဆက်လမ်းကျောက်ချောလမ်းခင်းရန်အတွက် ပစ္စည်းစုဆောင်းနေမှုကို မြို့နယ်ဦးစီးမှူး ဦးမင်းဝေဖြိုးနှင့်အဖွဲ့က ဇူလိုင်လ ပထမပတ်ကကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဇူလိုင် ၁၆ ရက်နံနက်က အဖွဲ့ဝင် မြို့နယ်သတင်းထောက်များ၏ ကျန်းမာရေး၊ နာရေးတို့တွင် ထောက်ပံ့နိုင်ရန်အတွက် မြန်မာ့အလင်းသတင်းစာမြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် အထက်ကြည့်မြင်တိုင်လမ်းနေ ဦးညွှန့်ဌေး(အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ) နှင့်ဇနီး ဒေါ်နီလာရွှေ (အဂ္ဂမဟာသီရိသုဓမ္မသိရီ) ကြာငါးခိုင်သက်နီးတိုက်မိသားစုက အလှူငွေ ကျပ် တစ်သိန်းပေးအပ်လှူဒါန်းရာ အဖွဲ့နာယကများ၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (ရန်ကင်း)နှင့်အဖွဲ့ဝင်များက လက်ခံစဉ်။ တင်ဝင်းလေး (ကြည့်မြင်တိုင်)

အာဇာနည်နေ့ဂုဏ်ပြု ဟောပြောပွဲနှင့် စာစီစာကုံးဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၏ (၆၈)နှစ်မြောက် အာဇာနည်နေ့ဂုဏ်ပြု ဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၇ ရက်က အထက(၉) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက(၉)ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ထို့နောက် အာဇာနည်နေ့အကြောင်းသိကောင်းစရာများ ဟောပြောခဲ့ကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

စာတည်းထံပေးစာများပေးပို့နိုင်

အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်တွင် အများပြည်သူအား ထိခိုက်နစ်နာစေနိုင်သော ကိစ္စများနှင့်ပတ်သက်၍ မြန်မာ့အလင်းသတင်းစာတိုက် စာတည်းထံပေးစာကဏ္ဍတွင် ဖော်ပြလိုပါက ရေးသားပေးပို့နိုင်ပါသည်။ မိမိတို့ပေးပို့သော စာမူနှင့်အတူ မှတ်ပုံတင်မိတ္တူ၊ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံနှင့်အတူ ပူးတွဲပေးပို့ရမည် ဖြစ်သည်။

စာတည်းထံပေးစာကဏ္ဍသို့ စာမူများပေးပို့လိုပါက ဖက်(စ်)နံပါတ် ၀၆၇-၃၆၁၄၃ နှင့် Gmail-mmalin.npt @ gmail.com တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

(မြန်မာ့အလင်း)

ကျောက်တံခါးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

ကျောက်တံခါး ဇူလိုင် ၁၇

၂၀၁၅-၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ကျောက်တံခါးမြို့နယ်တွင် ပြည်သူများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ပြီး လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရှားပါးသော ကျေးရွာများ၌ ရေရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများတင်ပြတောင်းခံထားသော မြို့နယ်အတွင်းရှိလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများကို ကျောက်ချောလမ်းနှင့် ဂဝံလမ်းပိုင်းများအဖြစ် ၃၄ ခုကို ပြုပြင်ဖောက်လုပ်သွားမည်ဖြစ်သည်။

သစ်သားတံတားသုံးစင်းနှင့် ကွန်ကရစ်တံတားငါးစင်းတို့ကို ပြုပြင်တည်ဆောက်မည်ဖြစ်ပြီး သောက်သုံးရေရှားပါးသော သံပုရာခုံ ကျေးရွာအုပ်စု၌ အဝီစိတွင်းငါးတွင်းကို လည်းကောင်း၊ ရင်းတိုက်ကုန်းကျေးရွာအုပ်စု ညောင်ပင်သာစ်ပြကျေးရွာ၌ လျှပ်စစ်မီးရရှိရေးအတွက် ထရန်စဖော်မာ ၂၀၀ ကေဗွီအေတစ်လုံးကို လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းဦးက ပြောကြားသည်။

ခင်ကို(ကျောက်တံခါး)

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်

ကျိုက်လတ် ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ ကျိုက်လတ်မြို့နယ်သည် မြစ်ကမ်းပါးဘေးတွင် တည်ရှိပြီး မြစ်ချောင်းများ ဝိုင်းရံလျက်ရှိသော မြို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ပါက ကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်လေ့ကျင့်မှုများကို ကျိုက်လတ်မြစ်ကမ်းဘေး၌ ဇူလိုင် ၁၇ရက်က ဆောင်ရွက်ခဲ့ကြသည်။

ဖျာပုံခရိုင် မီးသတ်ဦးစီးမှူး ဦးသန့်ဇင်မင်း၊ ကျိုက်လတ်မြို့နယ်မီးသတ်စခန်း ဦးစီးမှူး ဦးစောလွင်အေးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေး ဝတ်စုံပြည့်ဖြင့် မြစ်အတွင်း ရေစီးနှင့်မျောလာသော ပြည်သူများကို အသက်ကယ်ကြိုးအဆင့်ဆင့်ချည်၍ ဆယ်ယူခြင်း၊ အသက်ကယ်ဘောကွင်းဖြင့် အသက်ကယ်ကြိုးမှတစ်ဆင့် ဆယ်ယူကယ်ဆယ်ခြင်းများကို လေ့ကျင့်ခဲ့ကြခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဖျာပုံခရိုင်အတွင်းက မြို့နယ်တွေက သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ဖူးတဲ့ မြို့နယ်တွေပါ။ နောင်အခါ ကြုံတွေ့လာခဲ့ရင် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေက အသက်ကယ်ပစ္စည်းအမျိုးမျိုးကို အသုံးပြုပြီး ကယ်ဆယ်ရမှာဖြစ်လို့ အခုလို စဉ်ဆက်မပြတ်လေ့ကျင့်နေတာပါ။ အသက်ကယ်ကြိုးချည်နည်း၊ အသက်ကယ်ဘောကွင်းချည်နည်း၊ Life Jacket တွေအသုံးပြုနည်းတွေကို သတ်မှတ်နည်းစနစ်တွေအတိုင်း လေ့ကျင့်ထားမှ တကယ်ကြုံတွေ့လာရရင် ပြည်သူတွေကို ရှာဖွေကယ်ဆယ်နိုင်မှာပါ"ဟု ခရိုင်မီးသတ်ဦးစီးမှူးက ပြောသည်။

ဖျာပုံခရိုင်မီးသတ်ဦးစီးဌာနအနေဖြင့် ကျိုက်လတ်မြို့နယ်သာမက ဖျာပုံမြို့နယ်အတွင်းရှိ အခြားမြို့နယ်များ၌လည်း ရေပြင်၊ မြေပြင်ကယ်ဆယ်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လစဉ်ပုံမှန်လေ့ကျင့်မှုများကို စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(ဖျာပုံ)

ပါကင်စနစ်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်များ လမ်းဘေးရပ်နားမှု စစ်ဆေးအရေးယူမှုများပြုလုပ်မည်

သတင်းဆောင်းပါး-ဝေယံဦး

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်မြို့တွင်း၌ လမ်းတိုင်းကားရပ်ထားခြင်းမရှိသည့် လမ်းဟူ၍ရှာမတွေ့နိုင်တော့။ ရပ်ကွက်အတွင်း ကားဝင်လို့ရသမျှ လမ်းကျဉ်းတိုင်းကားများ စီတန်းရပ်ထားနေကြပြီ။ ရပ်ကွက်များအတွင်း လမ်းဘေးတစ်လျှောက်၊လမ်းဘေးနေရာများ၊ ကွက်လပ်များ၊ လမ်းမကြီးဘေးတစ်လျှောက် အထူးသဖြင့် ရန်ကုန်မြို့တွင်း လမ်းများတွင် ကားများစီတန်းပြီး ညအိပ်ရပ်နားကာ ကားပါကင်များအဖြစ် အသုံးပြုနေကြသည်ကိုတွေ့ရသည်။ ကားပါကင်စနစ်ဖြင့် တင်သွင်းလာသော ကားများသည်လည်း သတ်မှတ်ထားသော ကားပါကင်များတွင် စနစ်တကျ ရပ်နားခြင်းမရှိသဖြင့် လမ်းပိတ်ဆို့ကာ ယာဉ်ကြောပိတ်ဆို့မှုဖြစ်စဉ်များစွာတွင် အချက်တစ်ချက်ပါဝင်လျက်ရှိသည်။

ကားပါကင်ခွင့်ပြုချက်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်များ မူလကားပါကင်နေရာများတွင် ရပ်နားခြင်းရှိမရှိ စစ်ဆေးအရေးယူမှုများ ပြုလုပ်သွားတော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ပြီး ကားပါကင်စနစ်နဲ့ မော်တော်ယာဉ်တင်သွင်းမှုတွေ ပြုလုပ်ခဲ့တယ်။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မူလတင်ပြထားတဲ့ ကားပါကင်တွေမှာ ကားထားရှိခြင်းမရှိတဲ့အတွက် ဒါတွေကိုစိစစ်ပြီး အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်သွားတော့မှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကော်မတီအတွင်းရေးမှူး ဦးအောင်ခင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကားပါကင်စနစ်ဖြင့် တင်သွင်းထားသည့် မော်တော်ယာဉ်များမှာ မှတ်ပုံတင်ပြီး ကားအစီးရေ ၄၂၈၂ စီးရှိနေပြီး မှတ်ပုံတင်ရန် ဆောင်ရွက်ဆဲမော်တော်ယာဉ်များလည်းရှိနေဆဲဖြစ်သည်။ ယင်းကားအစီးရေအနက် အများစုမှာ မူလကားတင်သွင်းခွင့်လျှောက်ထားခဲ့စဉ်က ဖော်ပြထားသော ကားပါကင်များတွင် ကားများရပ်နားခြင်းမရှိကြောင်း ကနဦးစစ်ဆေးမှုများအရ တွေ့ရှိနေရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာန စာရင်းအရ ကားအစီးရေ လေးသိန်းခွဲခန့်ရှိနေရာ ယာဉ်ကြောပိတ်ဆို့မှုအချက်များတွင် ပါကင်တွင်ရပ်နားခြင်းမရှိသောစည်းကမ်းမဲ့ယာဉ်များကြောင့် ဖြစ်ပေါ်သည်ကို အချက်တစ်ရပ်အနေဖြင့် တွေ့ရှိခဲ့ရသည်။ စည်းကမ်းမဲ့မောင်းနှင်မှုနှင့် စည်းကမ်းမဲ့ ရပ်နားမှုများကို ယာဉ်ထိန်းတပ်ဖွဲ့က စစ်ဆေးအရေးယူမှုများ၊ ကရိန်းဖြင့်ဆွဲယူမှုများ ပြုလုပ်လျက်ရှိသည်။

"ကားပါကင်စနစ်နဲ့ တင်သွင်းလာတဲ့ မော်တော်ယာဉ်တွေ စည်းကမ်းစနစ်တကျ မရပ်နားတာကြောင့် မြို့ထဲမှာ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်တယ်။ ဒါကိုဖြေလျှော့တဲ့အနေနဲ့ ကားပါကင်စနစ်လုပ်တာပါ။ ဖိအားပေးတာမဟုတ်ပါဘူး။ ယာဉ်ကြော ပိတ်ဆို့မှုလျှော့ကျအောင်ဆောင်ရွက်တာပါ"ဟု လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က ပြောသည်။

ယခုအခါ လမ်းဘေးတွင် ရပ်နားထားသည့် မော်တော်ယာဉ်များကို စစ်ဆေးရေးအဖွဲ့များက ကွင်းဆင်းစစ်ဆေး၍ ကားပါကင်စနစ်ဖြင့် တင်သွင်းထားပြီး မူလကားပါကင်တွင် ရပ်နားခြင်းမရှိသည့် မော်တော်ယာဉ်များကို စစ်ဆေးကာ မကြာမီအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

မြို့သစ် ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇူလိုင် ၁၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့ လယ်ပြင်ရပ်ကွက်နေ ပြည်သူများ၏ နေအိမ်များသို့ ကွင်းဆင်း၍ နေအိမ်များတွင်ရှိသော ရေတွင်းရေကန်၊ ရေတိုင်ကီ၊ ရေအိုးများတွင် ပိုးလောက်လမ်းများ မပေါက်ပွားနိုင်ရေးအတွက် အဘိတ်ဆေးဝါးများ ထည့်သွင်းအသုံးပြုကြရေး ဟောပြောပြီး ဆေးထုပ်များပေးအပ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ လုပ်ဆောင်ကြရေး ပညာပေးခြင်းနှင့် သရုပ်ပြခြင်းများကို မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လယ်ပြင်ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူးများ၊ NGO အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

မြို့သစ်မြို့နယ်တွင်နှစ်စဉ်မိုးဦးရာသီရောက်တိုင်း ကျောင်းသားလူငယ်ကလေးများသွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်မှ ကင်းဝေးကာ ကျန်းမာစွာဖြင့် လူတိုင်းသက်တမ်းစေ့နေနိုင်ရေးနှင့် ကျန်းမာရေးအသိ အစဉ်ရှင်သန်စေရေးတို့အတွက် သွေးလွန်တုပ်ကွေးကာကွယ်ရေး ပညာပေးလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။

သန်းဝင်းထွန်း(မြို့သစ်)

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

မော်လမြိုင်ကျွန်း ဇူလိုင် ၁၈

ရောဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မော်လမြိုင်ကျွန်းမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ဇူလိုင် ၁၆ ရက်က တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ နှင့်ပတ်သက်ပြီး ရွေးကောက်ပွဲကာလတွင် မဲဆန္ဒရှင်ပြည်သူများ သိသင့်သည့်အချက်များနှင့် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်ရမည့်အချက်များကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလေးအောင်က ရှင်းလင်းဆွေးနွေးပြီး အတွင်းရေးမှူး ဦးရဲရင့်လှိုင်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။ ထို့နောက် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၂၁ ခုမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြသည်။

မော်ကျွန်းမြင့်အောင်

မန္တလေးတက္ကသိုလ်၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် စာပေဟောပြောပွဲကို ဇူလိုင် ၁၅ ရက်က တက္ကသိုလ် အတွင်းရှိ အင်းဝ(၉) ခန်းမဆောင်၌ကျင်းပရာ စာရေးဆရာချစ်နိုင်(စိတ်ပညာ)က ရည်မှန်းချက်ထား အမြဲကြိုးစားခေါင်းစဉ်ဖြင့် ဟောပြောစဉ်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

၂၀၁၅ ရွှေဖလား ဂိုးသွင်းဘုရင် ဘယ်သူဖြစ်မလဲ

မိုးမြင့်လင်းလတ်

၂၀၁၅ ရွှေဖလားပွဲစဉ်တွေကို ဇူလိုင် ၇ ရက်မှ ၂၆ ရက်အထိ ကနေဒါနဲ့ အမေရိကန်တို့မှာ ကျင်းပနေတာ အခုဆိုရင် ကွာတားဖိုင်နယ်အဆင့်ကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဇူလိုင် ၁၉ ရက်မှာ ထနီဒက်နဲ့ တိုဘာဂိုနှင့် ပနားမား၊ မက္ကဆီကိုနှင့် ကော်စတာရီကာတို့ ကစားမှာဖြစ်ပါတယ်။ ဒီနှစ် ရွှေဖလားပွဲစဉ်တွေမှာ ဂိုးအများဆုံးသွင်းထားသူတွေအနက် သုံးဂိုးသွင်းထားတဲ့ အမေရိကန်တိုက်စစ်မှူးဒမ်ဆေး၊ မက္ကဆီကို တိုက်စစ်မှူး ပီရယ်တာ တို့နှစ်ဦးက ရှေ့ဆုံးမှ ပြေးနေသူတွေဖြစ်ပါတယ်။

ဂိုးအများဆုံးသွင်းသူအဖြစ် ဒီနှစ်မှာ သုံးဂိုးသွင်းယူထားသူနှစ်ဦးမှာ အသက်အရွယ်ရရှိနေသူတွေဖြစ်ပြီး မိခင်နိုင်ငံလက်ရွေးစင်အသင်းမှာရော ပါဝင်ကစားနေတဲ့ ကလပ်အသင်းတွေမှာပါ ဂိုးသွင်းစွမ်းရည်မြင့်မားသူတွေဖြစ်ပါတယ်။ မက္ကဆီကို အခြေစိုက် ကလပ်အမေရိကမှာ ကစားနေတဲ့ ပီရယ်တာဟာလက်ရှိမှာ အမေရိကန် တိုက်စစ်မှူး ဒမ်ဆေးနဲ့အပြိုင် သုံးဂိုးသွင်းယူထားသူဖြစ်တာမို့ ဒီတိုက်စစ်မှူးနှစ်ဦးရဲ့ စွမ်းရည်ကိုလက်ကျန်ပွဲတွေဆက်လက်ဆင့်ခွဲခွင့်ရရင်တော့ အကဲခတ်ခွင့် ရဦးမှာဖြစ်ပါတယ်။

မက္ကဆီကိုတိုက်စစ်မှူး ပီရယ်တာဟာ လက်ရှိအချိန်မှာ အသက် ၃၁ နှစ် အရွယ်ရှိနေပေမယ့် ဂိုးသွင်းစွမ်းရည်ပြသနိုင်နေဆဲ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။ အရပ် ၆ ပေ ၁၀ လက်မခွဲမြင့်ပြီး ဂိုးသွင်းသေချာတဲ့ တိုက်စစ်မှူးလည်းဖြစ်တာမို့ ကလပ်အသင်းများစွာမှာ ကစားခဲ့တဲ့သူလည်းဖြစ်ပါတယ်။ ၂၀၀၀-၂၀၀၂ မှာ မိုရိလာအသင်းမှာ စတင်ကစားခဲ့ပြီး ၂၀၀၃-၂၀၀၄ မှာ သွားရောက်ကစားခဲ့ပါတယ်။ ၂၀၀၄-၂၀၀၅ မှာတော့ မွန်တာ ရေးကလပ်ကိုပြောင်းရွှေ့ကစားခဲ့ပြီး ပွဲပေါင်း ၆၄ ပွဲမှာ ၁၁ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ၂၀၀၆-၂၀၁၄ အထိ ဆန်တိုစ်အသင်းနဲ့အတူပွဲပေါင်း ၂၂၅ပွဲကစားခဲ့ပြီး စုစုပေါင်း ၈၂ ဂိုးသွင်းယူပေးခဲ့သူဖြစ်လို့ ၂၀၁၄-၂၀၁၅ မှာတော့ ကလပ်အမေရိကအသင်းမှာပြောင်းရွှေ့ ကစားနေသူဖြစ်ပါတယ်။ ကလပ်အမေရိကအသင်းအတွက် ပွဲပေါင်း ၃၈ ပွဲကစားခဲ့ပြီး ၁၅ ဂိုးသွင်းယူပေးထားနိုင်တာမို့ အားထားရတဲ့ တိုက်စစ်မှူးအဖြစ်ရပ်တည်နေပါတယ်။ မိခင် မက္ကဆီကိုလက်ရွေးစင်အသင်းအတွက် ပွဲပေါင်း ၅၅ ပွဲကစားပေးထားပြီး စုစုပေါင်း ၂၉ ဂိုးသွင်းယူပေးထားပါတယ်။ အခု ၂၀၁၅ ရွှေဖလားပြိုင်ပွဲမှာလည်း အုပ်စုအဖွင့်ပွဲစဉ်မှာ ကျူးဘားအသင်းကို မက္ကဆီကိုက ခြောက်ဂိုးပြတ်အနိုင်ရတဲ့ပွဲမှာ ပီရယ်တာတစ်ဦးတည်း သုံးဂိုးသွင်းပြီး ဟက်ထရစ်ရယူနိုင်ခဲ့တာမို့ လက်ကျန်ပွဲစဉ်တွေမှာလည်း ဆက်လက်ပြီး ဘယ်လောက်အထိ ဂိုးသွင်းနိုင်မလဲကြည့်ရမှာဖြစ်ပါတယ်။

နောက်တစ်ဦးဖြစ်တဲ့ အမေရိကန်တိုက်စစ်မှူး ဒမ်ဆေးကလက်ရှိအချိန်မှာ အသက် ၃၂ နှစ် အရွယ်ရှိပြီဖြစ်တဲ့ ဝါရင့်တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။ အရပ်ခြောက်ပေတစ်လက်မမြင့်ပြီး ကွင်းလယ် တိုက်စစ်အားသန်သူဖြစ်ကာ ပါဝါသုံးထိုးဖောက်တိုက်စစ်ဆင့်မှုမှာ ထူးချွန်သူတစ်ဦးလည်း ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဖူလ်ဟမ်အသင်းမှာ အဌားစာချုပ်နဲ့ ကစားနေသူ ဖြစ်ပြီး အမေရိကန်အသင်းအတွက်တော့ စုစုပေါင်း ၁၁၆ ပွဲမှာ ၄၄ ဂိုး သွင်းယူပေးထားနိုင်ပါတယ်။ ဒမ်ဆေးဟာ ၂၀၀၄-၂၀၀၆ ကာလမှာ နယူးအင်္ဂလန်ရီဗော်လူးရှင်းကလပ်မှာ ကစားခဲ့ပြီး ၂၀၀၇-၂၀၁၂ အထိ ဖူလ်ဟမ်အသင်းမှာ ပြောင်းရွှေ့ကစားခဲ့ပါတယ်။ အဲဒီကာလမှာ ဖူလ်ဟမ်အတွက် ၁၈၄ ပွဲကစားခဲ့ပြီး ဂိုးပေါင်း ၅၀ သွင်းယူပေးခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ မှာ စပါးအသင်းကို ပြောင်းရွှေ့ကစားခဲ့ပြီး ၂၉ ပွဲမှာ ခုနှစ်ဂိုး သွင်းယူပေးခဲ့ပါတယ်။ ၂၀၁၃ မှာ ဆီးလ်တယ်ဆောင်းဒါး အသင်းကို ပြောင်းရွှေ့ကစားခဲ့ရာမှ ၂၀၁၄ ခုနှစ်မှာ ဖူလ်ဟမ်အသင်းကို အဌားစာချုပ်နဲ့ လာရောက်ကစားနေတာဖြစ်ပါတယ်။ အသက်အရွယ်ရလာပေမယ့် ဂိုးသွင်းစွမ်းရည်ထက်မြက်နေဆဲ ဒမ်ဆေးရဲ့ ဂိုးသွင်းမှုတွေကို အခုရွှေဖလားပွဲမှာ ဆက်လက်အကဲခတ်ရဦးမှာဖြစ်ပါတယ်။

ဗလင်စီယာကိုပြောင်းရွှေ့မယ့် ပစ်တာပယ်လ်ဒက်

မန်ယူမှာ နေရာမရဖြစ်နေတဲ့ အရန်ဂိုးသမား ဗစ်တာပယ်လ်ဒက် အနေနဲ့ စပိန်ထိပ်သီးကလပ် ဗလင်စီယာကို ပြောင်းရွှေ့တော့မယ်လို့ ဆိုပါတယ်။

မန်ယူနည်းပြဗန်ဟားလ်က သူ့ကို အရန်ဂိုးသမားအဖြစ်သာ အသုံးပြုနေတာကို ဆက်မလုပ်ပေးနိုင်တော့ဘူးလို့ ပယ်လ်ဒက်က ဆိုပါတယ်။ အရန်ဂိုးသမားအဖြစ် ကစားပေးဖို့ ငြင်းဆိုတာကိုလည်း ဗန်ဟားလ်က ဝေဖန်ပြောဆိုနေ တယ်လို့ သူကဆက်ပြောပါတယ်။

ဗလင်စီယာအသင်းအနေနဲ့ လက်ရှိဂိုးသမား မတ်ရိုင်ယန်နေရာမှာ အစားထိုးဖို့ ပယ်လ်ဒက်ကို ခေါ်ယူမှာဖြစ်တယ်လို့ သိရပါတယ်။ မန်ယူအသင်းရဲ့အရန် ဂိုးသမားအဖြစ်နဲ့ မကစားလိုတော့တဲ့ ပယ်လ်ဒက် အနေနဲ့ နွေရာသီမှာ မန်ယူကနေ ထွက်ခွာတော့မှာဖြစ်ပါတယ်။ မန်ယူ ကနေပြောင်းတော့မယ့် ဂိုးသမား ပယ်လ်ဒက်အနေနဲ့ ဗလင်စီယာမှာ လုပ်ခလစာ ကြေးကြီးကြီးရလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ပယ်လ်ဒက်ဟာ စပိန်ကိုပြောင်းဖို့ ကြိုးစားနေတာ ကြာပါပြီ။ သူဟာ တူရကီနဲ့ အီတလီ ကလပ်တွေကိုလည်း ပြောင်းရွှေ့ဖို့ စိတ်ဝင် စားနေခဲ့တာပါ။ ဗလင်စီယာကတော့ ပယ်လ်ဒက်ကို စိတ်ဝင်စားမှုအရှိဆုံးအသင်းဖြစ်ပြီး ငွေကြေးအခက်အခဲရှိနေပေမယ့် လက်ရှိဂိုးသမား မတ်ရိုင်ယန် ထွက်ခွာနိုင်တဲ့ အတွက် ပယ်လ်ဒက်ကို အရခေါ်ယူသွားဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်

ဘာစီလိုနာတိုက်စစ်မှူး ပက်ဒရိုကို ချယ်လ်ဆီးနဲ့အပြိုင်ခေါ်ဖို့ လီဗာပူးပြင်ဆင်နေ

ဘာစီလိုနာအသင်းရဲ့ ကြယ်တစ်ပွင့်ဖြစ်တဲ့ တောင်ပံ တိုက်စစ်မှူး ပက်ဒရိုကို ချယ်လ်ဆီးနဲ့အပြိုင်ခေါ်ယူဖို့ လီဗာပူးကလည်း ကြိုးစားနေပြီလို့ ဆိုပါတယ်။ ပက်ဒရိုဟာ ချယ်လ်ဆီးကခေါ်ယူဖို့စိတ်ဝင်စားနေတဲ့ ထိပ်တန်းကစားသမားတစ်ဦးဖြစ်ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ ဘာစီလိုနာတောင်ပံ တိုက်စစ်မှူးကို လီဗာပူးက ပေါင် ၂၂ သန်းနဲ့ ခေါ်ယူလိမ့်မယ်လို့ စပိန်သတင်းများက ဆိုပါတယ်။

လီဗာပူးအသင်းအနေနဲ့ စတာလင်းကိုရောင်းချလို့ ရရှိထားတဲ့ ပေါင် ၄၉ သန်းနဲ့ စတာလင်းထက်ခြေစွမ်းသာတဲ့ တိုက်စစ်မှူးကောင်းတစ်ဦးကို အမြန်ဆုံးခေါ်ယူသွားဖို့ လီဗာပူးနည်းပြ ရော်ဂျာက ကြိုးစားနေပါတယ်။ ဒီအထဲမှာမှ ပက်ဒရိုဟာ လီဗာပူးက အဓိကပစ်မှတ်ထားလာတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။ ပက်ဒရိုကို လီဗာပူးက ကမ်းလှမ်းထားပြီဖြစ်ပါတယ်။ ပရီမီယာလီဂ်ချန်ပီယံ ချယ်လ်ဆီးကတော့ ပက်ဒရိုကိုခေါ်ယူဖို့ ပေါင် ၂၂ သန်းထက် ပိုမသုံးနိုင်ဘူးလို့ ဆိုပါတယ်။

ဘာစီလိုနာနည်းပြ လူးဝစ်အန်းနရစ်ကတော့ ပက်ဒရိုကို အသင်းကနေ ထွက်ခွာမှာ မလိုလားဘူးလို့ ဆိုပါတယ်။ သို့ပေမယ့်လည်း ကမ်းလှမ်းမှုတွေကို လက်ခံထားပြီဖြစ်တဲ့အတွက် ပက်ဒရိုအနေနဲ့ ဘာစီလိုနာက ထွက်ခွာဖို့ တော့ သေချာနေပြီလို့ ဆိုနိုင်ပါတယ်။

ဘရာဇီးလူငယ်တိုက်စစ်မှူး ချယ်လ်ဆီးသို့ရောက်လာ

ဘရာဇီးကလပ်ဖလာမင်ဂိုအသင်းနဲ့အတူ ခြေစွမ်းပြကစားနေတဲ့ ဘရာဇီးလူငယ်တိုက်စစ်မှူး ကနေဒီကို ချယ်လ်ဆီးက ပေါင် ၆ ဒသမ ၃ သန်းနဲ့ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။ အသက် ၁၉ နှစ်အရွယ်သာ ရှိသေးတဲ့ ဘရာဇီးတိုက်စစ်မှူး ကနေဒီဟာ ယခုအခါမှာတော့ ချယ်လ်ဆီးအသင်းနဲ့ အတူ ကနေဒါနိုင်ငံသို့ သွားရောက် ကစားမယ့် ပြိုင်ပွဲတွေဆီလိုက်ပါသွားပြီဖြစ်ပါတယ်။ မွန်ထရီရယ်မြို့မှာ ချယ်လ်ဆီးနဲ့အတူ သွားရောက်ကစားမှာပါ။ ချယ်လ်ဆီးအသင်းဟာ မေလ အတွင်းက အက်သလက်တီကိုမှ ဘရာဇီးကစားသမား နတ်ဆန်ကိုခေါ်ယူခဲ့ပြီးတဲ့နောက် ကနေဒီကို ထပ်မံခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်။ ကနေဒီကို မန်ယူ၊ ဘာစီလိုနာ၊ ဂျူဗင်တပ်စ်နဲ့ ဂုဗ်ဘတ်အသင်းတွေကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့ပါတယ်။

ကနေဒီဟာ ဘရာဇီး ယူ-၂၀ အသင်းမှာလည်း ခြေစွမ်းပြကစားနေသူ ဖြစ်ပါတယ်။ သူဟာ ဘယ်တောင်ပံ ညာတောင်ပံ တိုက်စစ်နှစ်နေရာစလုံးမှာ ကစားနိုင်တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ လာမယ့်ရာသီမှာတော့ ချယ်လ်ဆီး အသင်းရဲ့ အဓိကတိုက်စစ်မှူးတစ်ဦး ဖြစ်လာနိုင်ပါတယ်။

မြို့နယ် ခုနစ်ခုမှ ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

ဘားအံ ဇူလိုင် ၁၈

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်ခုမှ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက်က ဘားအံမြို့ ရွဲကပင်ခန်းမ၌ ကျင်းပခဲ့သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရာတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိရာ ကရင်ပြည်နယ်တွင်လည်း ငြိမ်းချမ်းလာသည်နှင့်အမျှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန် ပညာသင်ကြားရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးတို့တွင် အထောက်အကူဖြစ်စေမည့် ထောက်ပံ့ငွေများ၊ ထောက်ပံ့ပစ္စည်းများ ပေးအပ်ရခြင်းဖြစ်ကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုအထောက်အကူပြု လုပ်ငန်းများအတွက် ထောက်ပံ့သည့်အသုံးစရိတ်များကို သုံးစွဲရာတွင် လိုက်နာရမည့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးက ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကရင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများအဖြစ် ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ မြန်မာ့ရွှေပြောင်းပညာရေးကျောင်းမှ ပညာသင်ကြားပေးနေသော ဆရာဆရာမများအတွက် လစာစရိတ် ကျပ်သိန်း ၆၀ ကို ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့ရွှေပြောင်းပညာရေးကျောင်း တာဝန်ခံထံ ပေးအပ်သည်။

ထို့နောက် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ မြဝတီမြို့နယ်၊ ဖာပွန်မြို့နယ်များအတွင်းရှိ ကျေးရွာများမှ ကျေးရွာများမှ ချို့တဲ့ကျောင်းသားကျောင်းသူများ ပညာသင်ကြားရေးတွင် သွားလာရေးအဆင်ပြေစေရန် စက်ဘီးအစီး ၅၀၀၊လယ်ယာသုံးလက်တွန်းထွန်စက်ကိုးစီး၊ ဆိုလာမီး ၁၅စုံ၊ TVနှင့်စလောင်းသုံးစုံ၊ မီးကြိုးခွေများ၊ ကွန်ပျူတာနှစ်လုံး၊ ဘိလပ်မြေ ၄၁၂၆ အိတ်၊ အမိုးသွပ်ပြား ၄၇၀ ချပ်၊ ယူရီးယားနှင့် ကွန်ပေါင်း ဓာတ်မြေသြဇာ ၁၂၀၄ အိတ် ပုလဲ သွယ်မျိုးစပါးများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းများ အတွက် တစ်မြို့နယ်လျှင် ကျပ်သိန်း ၁၀၀ စီကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

အာဇာနည်နေ့အကြို ဟောပြောပွဲများကျင်းပ

ရေကြည် ဇူလိုင် ၁၈

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်၌ (၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲများကို ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရေကြည်ခန်းမ၌ ဇူလိုင် ၁၂ ရက်က ကျင်းပသည့် ဟောပြောပွဲတွင် စာရေးဆရာ သိန်းဇော်(ရွှေလီဦး)က ဟောပြောပွဲကျင်းပခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အမျိုးသားစာပေဆုရှင် စာရေးဆရာ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)က စကားလက်ဆောင် စာလက်ဆောင်ခေါင်းစဉ်၊ အမျိုးသားစာပေဆုရှင် မြင်းမူမောင်နိုင်မိုးက ဘဝထဲကကဗျာ ကဗျာထဲကဘဝ ခေါင်းစဉ်များဖြင့် ဟောပြောခဲ့သည်။

ဟောပြောပွဲများကို ဇူလိုင် ၁၃ ရက်တွင်လည်း အထက(၁)ရေကြည်ကျောင်းနှင့် အထက(၂)မြို့မကျောင်းများ၌ ဆက်လက်ကျင်းပခဲ့ပြီး အထက်ပါစာရေးဆရာများက ကျောင်းသား ကျောင်းသူများအား ဟောပြောခဲ့ကြောင်း သိရသည်။ **မင်းဇော်ဦး(ရေကြည်)**

တမလန်းသစ် ဓားရွှေတုံးငါးတုံး တရားမဝင်တင်ဆောင်လာသောယာဉ်ကို ဖမ်းဆီးရမိ

ဆားလင်းကြီး ဇူလိုင် ၁၈

ဆားလင်းကြီးမြို့နယ် ပုသိမ်-မုံရွာလမ်းမကြီးပေါ်၌ တမလန်းသစ် ဓားရွှေတုံးများ တရားမဝင်သယ်ဆောင်လာသော စူပါကာစတန်ကားတစ်စီးကို ဇူလိုင် ၁၅ ရက်က ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆားလင်းကြီးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးဝင်းအောင်၊ တောခေါင်း ဦးသိန်းနိုင်ဝင်းနှင့် ဆားလင်းကြီးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ဇော်လတ်တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း ကွင်းဆင်းစစ်ဆေးနေစဉ် ပုသိမ်-မုံရွာကားလမ်းမကြီးပေါ်တွင် မောင်းနှင်လာသော ယာဉ်အမှတ် YGN-3H----အဖြူရောင် စူပါကာစတန်အမျိုးအစား ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ မောင်းနှင်ထွက်ပြေးခဲ့သဖြင့် ပူးပေါင်းအဖွဲ့က နောက်မှဆိုင်ကယ်ဖြင့် လိုက်လံဖမ်းဆည်းခဲ့ရာ ပုသိမ်-မုံရွာ ကားလမ်းမကြီး မိုင်တိုင်အမှတ် (၄၃၃/၁) အနီး၌ ကားကိုရပ်တန့်လျက်တွေ့ရှိရပြီး ယာဉ်ပေါ်တွင် လူတစ်ဦးမျှ မရှိတော့သဖြင့် ကားကို စစ်ဆေးရာ ဖွေရာ တရားမဝင်သယ်ဆောင်လာသော တမလန်းသစ် ဓားရွှေတုံး ငါးတုံး တင်ဆောင်ထားသည်ကို တွေ့ရှိရသောကြောင့် ဆားလင်းကြီးမြို့နယ်သစ်တောဦးစီးဌာနရုံးသို့ မောင်းနှင်၍ တရားမဝင်သယ်ဆောင်လာသော တမလန်းသစ် အလေးချိန် ၁ ဒသမ ၁၅၂၄ တန်ကို သိမ်းဆည်းထားခဲ့ကာ ယာဉ်ပိုင်ရှင်နှင့် ယာဉ်ပေါ်တွင်တွေ့ရှိရသော တမလန်းသစ်များ၏ ပိုင်ရှင်ကို ဖော်ထုတ်အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဦးငယ်(ဆားလင်းကြီး)**

ဖမ်းဆီးရမိသောကားကို ဆားလင်းကြီးမြို့နယ်သစ်တောဦးစီးဌာနရုံးဝင်းအတွင်း တွေ့ရစဉ်။

တရားမဝင်တမလန်းသစ်ခွဲသားများ သယ်ဆောင်လာသော ယာဉ်တိမ်းမှောက်၊ အမျိုးသားသုံးဦးသေဆုံး

ဂန့်ဂေါ ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်အတွင်း ထီးလင်း-ဂန့်ဂေါလမ်းနှင့် မြိုင်-တောမလမ်းဆုံတွင် တရားမဝင်တမလန်းသစ်ခွဲသားများ သယ်ဆောင်လာသော ယာဉ်တစ်စီး ဇူလိုင် ၁၄ ရက် နံနက်က တိမ်းမှောက်၍ ယာဉ်ပေါ်ပါ အမျိုးသားသုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ္တရာမြို့နယ် ဘိုကုန်းကျေးရွာနေ ဦးဝင်းမြင့်အောင်(၃၈ နှစ်) မောင်းနှင်ပြီး ပခုက္ကူမြို့နယ် ကမ္မကျေးရွာနေ မောင်သန်းစိုးလင်း (၂၅ နှစ်)နှင့် မုံရွာမြို့နယ် ချမ်းသာရပ်ကွက်နေ မောင်ဇာနည်တိုး(၂၅ နှစ်)တို့ လိုက်ပါပြီး တမလန်းသစ်ခွဲသား ခြောက်တုံး ၀ ဒသမ ၅၉၄၄ တန် (ကာလတန်ဖိုးငွေကျပ် ၁၄၈၆၀၀)ခန့်ကို တင်ဆောင်လာသော လင်ခရူဆာအမျိုးအစား ယာဉ်သည် ထီးလင်း-ဂန့်ဂေါအတိုင်း ဂန့်ဂေါဘက်မှ ထီးလင်းဘက်သို့ မောင်းနှင်လာစဉ် ထီးလင်း-ဂန့်ဂေါလမ်းနှင့် မြိုင်-တောမလမ်းဆုံ၌ လမ်းဝဲဘက်ရှိ ရှစ်ပေခန့်အနက်ရှိသော ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်၍ မောင်သန်းစိုးလင်းနှင့် မောင်ဇာနည်တိုးတို့မှာ အခင်းဖြစ်နေရာမှာပင် သေဆုံးခဲ့ကြပြီး ယာဉ်မောင်း ဦးဝင်းမြင့်အောင်မှာ ဆေးမင်းတောတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသစဉ် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်၍ ဆေးမင်းတောရဲကင်းစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လွှိုင်ကော်)**

သွေးလွန်တုပ်ကွေးကာကွယ်ရေး အရှိန်မြှင့်ဆောင်ရွက်

မုံရွာ ဇူလိုင် ၁၈

မိုးဦးကျရာသီတွင် ပေါ်ပေါက်လာတတ်သည့် သွေးလွန်တုပ်ကွေးရောဂါသည် အရွယ်မရွေး အသက်အန္တရာယ် ထိခိုက်လာနိုင်သည်အထိ ဖြစ်ပွားသည့် ရောဂါတစ်မျိုးဖြစ်ရာ မုံရွာမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာရန်နိုင်နှင့် ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာမြင့်မြင့်အေးတို့က မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများသို့ ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ ကွင်းဆင်းပြီး သွေးလွန်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့သည်။ ခြင်နှိမ်နင်းရေးအတွက်လည်း ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကာ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းများကို ဆောင်ရွက်နေပြီး သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်သည့် အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း မုံရွာမြို့ပေါ်ရှိ ရပ်ကွက်များ၊ အစိုးရနှင့် ပုဂ္ဂလိကစာသင်ကျောင်းများအပြင် ကျေးလက်ဒေသများအထိကွင်းဆင်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **ဖိုးချမ်း(မုံရွာ)**

ရေဝါချောင်းတံတားပန္နက်တင်အခမ်းအနားကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ကနီ-မုံရွာ ကားလမ်းမပေါ်ရှိ ရေဝါချောင်းတံတား တည်ဆောက်ရန်အတွက် အင်ဂျင်နီယာ အကြိုပြင်ဆင်ရေးလုပ်ငန်းများကို ဇွန် ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ပန္နက်တင်အခမ်းအနားကို ဇူလိုင် ၁၃ ရက်က ကျင်းပခဲ့ရာ သံယာတော်များက တံတားတည်ဆောက်မည့်နေရာအား မြေနှတ်မြေသန့်ကမ္မဝါများ ရွတ်ဖတ်သရဏဂျာယ်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများက ပန္နက်တင်ပေးခဲ့ကြသည်။ အဆိုပါ ရေဝါချောင်းတံတားကို အရှည်ပေ ၁၄၄၀ရှိ တစ်လမ်းသွား ဘေလီတံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းဖွင့်လှစ်

မြင်းမူ ဇူလိုင် ၁၈

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ဇူလိုင် ၁၆ ရက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြင်းမူမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကား ပြောကြားပြီး စစ်ကိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲထွဋ်က နိုဝင်ဘာ ၈ ရက်တွင် ရွေးကောက်ပွဲကြီး ကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးကြေညာထားပြီးဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် အမျိုးသားရေးတာဝန် ကျေပွန်ရန်အတွက် ဆန္ဒမဲပေးကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် ရပ်ကွက်ကျေးရွာများအလိုက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းကို ဆက်လက်ပို့ချရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးက ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ စစ်ကိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်(မြင်းမူမြို့နယ်တာဝန်ခံ) ဦးသိန်းထွန်းက ဆန္ဒမဲပေးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းလမ်းညွှန်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ခဲ့ကြသည်။

ထို့နောက် စစ်ကိုင်းခရိုင်ရွေးကောက်ပွဲအရာရှိ ဦးဇော်နောင်လတ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များကိုလည်းကောင်း၊ လေ့လာစောင့်ကြည့်သူများနှင့် နိုင်ငံရေးပါတီများအနေဖြင့် သိရှိလိုက်နာရမည့် ကျင့်ဝတ်များအကြောင်းကိုလည်းကောင်း ပို့ချဆွေးနွေးပြီး မဲရုံအတွင်း ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို ဗီဒီယိုပြကွက်များဖြင့် ပြသရှင်းလင်းသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းကြပြီး မြင်းမူမြို့နယ်တာဝန်ခံ၊ ခရိုင်ရွေးကောက်ပွဲအရာရှိနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းသို့ မြင်းမူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဖိုးခါး(iprd)

ပန်းတောင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ထုတ်ပေး

ပန်းတောင်း ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်း၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ပေးအပ်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၆ ရက်က ကျင်းပခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်မြင့်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းတို့က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဇော်နှင့် ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းတို့က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအလိုက် အသုံးပြုရန် ခွဲဝေသတ်မှတ်ထားပြီးဖြစ်ကြောင်း၊ ရန်ပုံငွေရရှိပြီးပါက လုပ်ငန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် အောက်တိုဘာလအတွင်း လုပ်ငန်းများအပြီးသတ်ကာ စာရင်းရှင်းတမ်းများ ထုတ်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လုပ်ငန်းများအလိုက် တာဝန်ယူဆောင်ရွက်ကြမည့် ရပ်ကွက်/ ကျေးရွာ အထောက်အကူပြုအဖွဲ့များ၊ လုပ်ငန်းကော်မတီများ၊ အုပ်ချုပ်ရေးမှူးများအား ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ပန်းတောင်းမြို့နယ်အတွင်း ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ရေရရှိရေးလုပ်ငန်းအတွက် ကျပ် ၁၉၆ သိန်း၊ တံတားများ ဆောက်လုပ်ခြင်းအတွက် ကျပ် ၁၇၇ သိန်း၊ လမ်းပြုပြင်ခြင်းအတွက် ကျပ် ၂၄၉ သိန်း၊ စာသင်ကျောင်းအဆောက်အအုံများ ပြင်ဆင်ရေးအတွက် ကျပ် ၆၈ သိန်း၊ ရေကာတာတည်ဆောက်ခြင်းအတွက် ကျပ် ၃၃ သိန်းနှင့် အခြားကဏ္ဍများအတွက် ကျပ် ၄၁ သိန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်

မိုးနည်းသဖြင့် ပျက်စီးခဲ့သည့်နှမ်းစိုက်ခင်းများတွင် မြေပဲများပြန်လည်စိုက်ပျိုးနေ

ညောင်ဦး ဇူလိုင် ၁၈

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း ယခုနှစ်တွင် မိုးရွာသွန်းမှု နည်းပါးခဲ့ခြင်းကြောင့် ကျေးလက်ဒေသများမှ တောင်သူများစိုက်ပျိုးထားသည့် နှမ်းစိုက် ခင်းများမှာ ယခုနှစ်တွင်အောင်မြင်ဖြစ်ထွန်းမှုနည်းပါးခဲ့ပြီး ပျက်စီးဆုံးရှုံးခဲ့ရာ ယခုအခါ အဆိုပါ ပျက်စီးဆုံးရှုံးသည့် နှမ်းစိုက်ခင်းများတွင် ဇူလိုင်ဒုတိယပတ်က ရွာသွန်းခဲ့သည့်မိုးဖြင့် မြေပဲများ ပြန်လည်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ညောင်ဦးမြို့နယ်က မိုးနည်းရပ်ဝန်းဒေသဖြစ်တဲ့အပြင် ဒီနှစ် မိုးရွာရက်က တော်တော်ကို နည်းခဲ့ပါတယ်။ အဲဒီလို မိုးလေဝသ မမှန်ကန်မှုတွေကြောင့် ကျေးလက်ဒေသတွေက ကျွန်တော်တို့ တောင်သူတွေ နှမ်းတစ်သီးလွဲချော်သွားပြီဆိုရင် စီးပွားရေးလည်း အကျပ်အတည်းဖြစ်ရပါတယ်။ ဒါကြောင့် နှမ်းကမရ တောင်သူတွေလုပ်ရတဲ့ကုန်ကျစရိတ်တွေက အရင်းအနှီးများနေတော့ ဒီလထဲရွာတဲ့မိုးနဲ့ မြေပဲများရမလားဆိုပြီး ပျက်စီးခဲ့တဲ့ နှမ်းစိုက်ခင်းတွေမှာ မြေပဲကို သီးနှံအစားထိုး စိုက်ပျိုးနေကြတာပါ။ ဒီနှစ် ကျွန်တော်တို့ဒေသမှာ နှမ်းမရတော့ လာမယ့်နှစ် နှမ်းစိုက်ပျိုးဖို့ အဆမတန် စျေးကောင်းပေးဝယ်ပြီး စိုက်ပျိုးရမယ်ထင်တယ်"ဟု တောင်ဘကျေးရွာမှ တောင်သူ တစ်ဦးက ပြောပြသည်။

ရဲဝင်းနိုင်(iprd)

အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု အတတ်ပညာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်

ရန်ကုန် ဇူလိုင် ၁၈

အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်အတွက် အခွင့်အရေးနှင့်လက်လှမ်းမမီသော ကျေးလက်ပြည်သူများအား အကျိုးရှိပြီး စျေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော အလုပ်အကိုင်နှင့် ကိုယ်ပိုင်လုပ်ငန်းများတိုးပွားစေရန်အတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ပို့ချလျက်ရှိကြောင်း သိရသည်။

သတင်း - မြတ်စန္ဒီသင်းဇော်

သင်တန်းများ ဖြစ်မြောက်ရန်အတွက် ဆွစ်ဇာလန်အစိုးရက ရန်ပုံငွေထောက်ပံ့ထားပြီး ဆွစ်ဇာလန်နိုင်ငံမှ ဖောင်ဒေးရှင်းတစ်ခုဖြစ်သည့် Swisscontact နှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM)တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်သည့်အစီအစဉ်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က စတင်ကာ အဓိက လုပ်ငန်းအကောင်အထည်ဖော်သည့်ကာလမှာ ၂၀၁၄ ခုနှစ် စက်တင်ဘာမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ အထိဖြစ်ကြောင်းသိရသည်။

ယင်းအစီအစဉ်အတွက် လျာထားသည့် ခန့်မှန်းခြေအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၂၀ ဖြစ်ပြီး နောက်ထပ် စီမံကိန်းများကိုလည်း သက်တမ်းတိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။

အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု အတတ်ပညာဖွံ့ဖြိုးမှု အစီအစဉ်မှ လူမှုဆက်ဆံရေးမန်နေဂျာ ဒေါ်အေးသဋ္ဌာအောင်က "ကနဦး အစီအစဉ်အဖြစ် မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တို့မှာ သက်မွေးပညာ သင်တန်းတွေကို မေပထမပတ်ကနေ ဇူလိုင်လ နောက်ဆုံးပတ်အထိ သီတင်းပတ် ၁၂ ပတ် (သုံးလတာ) အခြေခံသင်တန်းတွေ ဖွင့်လှစ်ခဲ့ပါတယ်။ သင်တန်းအမျိုးအစားတွေကတော့ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်း၊ စက်ချုပ်သင်တန်း၊ ဆံပင်နဲ့ မိတ်ကပ်အလှပြုပြင်ခြင်းနဲ့ ကျေးရွာသုံးစက်ပစ္စည်း ကိရိယာတွေကို အခြေခံပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းသင်တန်းတွေပဲ ဖြစ်ပါတယ်။ အချိန်ပြည့် သင်တန်းတွေ ဖြစ်ပြီး အခြေခံအဆင့်တွေကိုသင်ကြားမှာပါ။ သင်တန်းမှာ ဘဝတွက်တာ ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်တွေဖြစ်တဲ့ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းနေထိုင်ခြင်း၊ စီးပွားရေး၊ ကျန်းမာရေးနဲ့ ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ခြင်း အစရှိတဲ့ သင်ခန်းစာတွေအပြင် အလုပ်အကိုင် ရှာဖွေရေးအတွက် ဆွေးနွေးအကြံပြုခြင်းနဲ့ အခြားနောက်ဆက်တွဲ ပံ့ပိုးမှုတွေလည်း ပူးတွဲပို့ချပေးမှာဖြစ်ပါတယ်။ သင်တန်းကြေးသွင်းစရာမလိုပါဘူး။ သင်တန်းကာလအတွင်းမှာ တစ်ပတ်ကို ငွေကျပ် နှစ်သောင်း ထောက်ပံ့ပေးမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ ကျေးလက်အခြေပြု သက်မွေးပညာ သင်တန်းများကို အဓိကအားဖြင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ဦးစားပေးပို့ချသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးသောဒေသများ၊ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာခဲ့ရသော တိုင်းရင်းသားများကို သင်ကြားပေးသွားရန် ရည်ရွယ်၍ လူသုံးထောင်ကိုရွေးချယ်ပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းများကို ရွှေ့လျားအဖွဲ့များဖြင့် ပို့ချသွားမည်ဖြစ်ကာ ထိုမှတစ်ဆင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေးနိုင်သော လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပြီး အလုပ်သင်ပညာရေး စနစ်ဖြင့် အခွင့်အလမ်းများ ဖန်တီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်း သုံးမျိုးကို လာမည့် စက်တင်ဘာ ၇ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းတစ်ခုတွင် သင်တန်းသား သင်တန်းသူဦးရေ ၂၀ သတ်မှတ်ထားကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဒေါ်မေစန္ဒာဝင်း (အိုင်အိုအမ်၊ ရန်ကုန်) ဖုန်း ၀၉-၂၆၀၅၇၆၈၉၂၊ ဦးအောင်မိုး (အိုင်အိုအမ်၊ မော်လမြိုင်) ဖုန်း - ၀၉-၂၆၀၅၇၆၈၉၄ နှင့် ဦးစောရန်အောင် (အိုင်အိုအမ်၊ ဘားအံ) ဖုန်း ၀၉-၇၃၁၄၀၂၁၄)တို့ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ရေးမြို့နယ်၌ မြေနီလမ်းအား ကတ္တရာလမ်းခင်း

ရေး ဇူလိုင် ၁၈

မွန်ပြည်နယ် ရေးမြို့နယ်၏ အထင်ကရ ပင်လယ်ကမ်းခြေများ အနက် ဘုရားတောင်ပင်လယ်ဝ ကမ်းခြေမှ ဇီးဖြူသောင်ကျေးရွာသို့ ဆက်သွယ်သွားလာသည့် မြေနီလမ်းအား ကတ္တရာလမ်းသစ်အဖြစ် ဧပြီလအတွင်းမှ စတင်လုပ်ငန်းများ အကောင်အထည်ဖော် ခင်းကျင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကတ္တရာလမ်းသစ်အား ပထမအဆင့်အနေဖြင့် ကျောက်ခင်းလမ်းအဖြစ် ခင်းကျင်းသွားမည်ဖြစ်ပြီးနောက် ဒုတိယအဆင့် ကတ္တရာလမ်းအား ဆက်လက်ခင်းကျင်းနိုင်ရန် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာကော်မတီများ ပူးပေါင်းစီစဉ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လမ်းပေအရှည်မှာ မိုင် ၁ မိုင် ၅ ဖာလုံ၊ အကျယ် ၁၆ ပေဖြစ်၍ ခန့်မှန်းလျာထားချက် ကုန်ကျငွေ ကျပ်သိန်းပေါင်း ၁၅၀၀ ကျော်ခန့် အကုန်အကျခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ဘုရားတောင်ပင်လယ်ဝသို့ ဆက်သွယ်သွားလာနေသော မြေနီလမ်းကို ကတ္တရာလမ်းအဖြစ်သို့ ခင်းကျင်းပြီးပါက ဘုရားတောင်ပင်လယ်ဝကမ်းခြေသို့ လာရောက်အပန်းဖြေသူများ သွားလာရလွယ်ကူ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြမည်ဖြစ်သည်။ ထို့အပြင် ခရီးသွားလုပ်ငန်းအတွက် အထောက်အကူပြုရ၍ ဒေသအတွင်း ခရီးသွားများ တိုးတက်များပြားလာသည်နှင့်အမျှ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဒေသထွက်ကုန်များ တင်ပို့ရာတွင် ပိုမို အကျိုးဖြစ်ထွန်းအောင်မြင်မည် ဖြစ်ကြောင်း သိရသည်။

နေမျိုးထွန်(ရေး)

ရေချိုငါးလုပ်ငန်းမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိ

ဖျာပုံ ဇူလိုင် ၁၈

နိုင်ငံတော်အတွင်းရှိ ပြည်သူသန်းငါးရာကျော်တို့ သားငါးကဏ္ဍ စားသုံးမှုဖူလုံစေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် သားငါးကဏ္ဍအား အလေးထားဆောင်ရွက်လျက်ရှိရာ ငါးလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်း၊ ငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အမျိုးသားပို့ကုန်ပမာဏတိုးမြှင့်ရာတွင် ငါး၊ ပုစွန်နှင့်ရေထွက်ပစ္စည်းများ နိုင်ငံတော်ပို့ကုန် အဆင့်သုံးနေရာတွင် သတ်မှတ်ထားရှိသည်။ နိုင်ငံတော်အစိုးရ၏ ပဉ္စမကာလတို့ ငါးနှစ် အမျိုးသားစီမံကိန်းသည် ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ သတ်မှတ်ထားပြီး သားငါးကဏ္ဍ၏ တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်းအား ၆ ဒသမ ၉ ရာခိုင်နှုန်းလျာထားရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရေချိုငါးလုပ်ငန်းမှ အမေရိကန်ဒေါ်လာသန်း ၁၂၀ ရရှိရေးရည်ရွယ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လျာထားချက် ပြည့်မီရေးအတွက် ငါးလုပ်ငန်းမှ ပြည်ပပို့ကုန်တိုးမြှင့် နိုင်ရေးအတွက် စျေးကွက်ဝင် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသည့်ငါးများကို အဆင့်မြင့်ထုပ်ပိုးပြီး ဥရောပသမဂ္ဂနိုင်ငံများနှင့် အာဖရိကနိုင်ငံများသို့တင်ပို့ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရေချိုငါးလုပ်ငန်းမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော် ရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့က ထုတ်ပြန်သည့်စာရင်းမှတ်တမ်းများအရ သိရသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့က လူတို့သည် ယခုအခါ အသားစားသုံးမှုထက် ငါး၊ ပုစွန်စားသုံးမှု ပိုမိုများပြားလျက်ရှိကြောင်း သုတေသီတို့က ဆိုသည်။ သို့အတွက် ငါး၊ ပုစွန် လိုအပ်ချက်သည် နှစ်စဉ်တိုး၍တိုး၍ မြင့်မားလာမည်ဖြစ်သည်။

ပဉ္စမကာလတို့ ငါးနှစ်အမျိုးသားစီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သားငါးကဏ္ဍ လျာထားချက်များနှင့် အညီပြည့်မီရေး နိုင်ငံတော်၊ ပြည်သူနှင့် ရေလုပ်ငန်းရှင်ရေလုပ်သားတို့ ပိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်သည်။

အောင်ဝင်း(ဖျာပုံ)

ချက်ဗလက်အင်ဂျင်နှင့် ဂီယာဘောက်တစ်စုံ ပေးအပ်လျှုဒါန်း

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံအတွင်းရှိ နည်းပညာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများကို အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိလာနိုင်စေရန်နှင့် မော်တော်ယာဉ်နည်းပညာရပ်ဆိုင်ရာ မျိုးဆက်သစ်ပညာရှင်များ ထွန်းကားလာစေရန်အတွက် Chevrolet Myanmar အနေဖြင့် နိုင်ငံအတွင်းရှိ နည်းပညာတက္ကသိုလ်ခုနစ်ကျောင်းသို့ ချက်ဗလက်အင်ဂျင်နှင့် ဂီယာဘောက်အလုံး ၃၀ ကို ပေးအပ်လျှုဒါန်းသွားမည်ဖြစ်ရာ Yangon Technological University ရှိ ကျောင်းသား ကျောင်းသူများအတွက် ချက်ဗလက်အင်ဂျင်နှင့် ဂီယာဘောက်တစ်စုံကို ပါမောက္ခချုပ် ဒေါက်တာအေးမြင့်ထံ ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက ပေးအပ်လျှုဒါန်းခဲ့သည်။

ရန်ကုန်နည်းပညာတက္ကသိုလ်(အင်းစိန်)၏ ပါမောက္ခချုပ် ဒေါက်တာအေးမြင့်က " ဒီအင်ဂျင်နဲ့ ဂီယာက အဓိက စက်မှုအင်ဂျင်နီယာဌာနနဲ့ ဆိုင်ပါတယ်။ ဒီအင်ဂျင်နဲ့ ဂီယာဘောက်တစ်စုံကိုလည်း စက်မှုအင်ဂျင်နီယာဌာနက ဘွဲ့ကြို ကျောင်းသား ကျောင်းသူများကို လက်တွေ့ပြတဲ့အခန်းမှာ ထားရှိဆောင်ရွက်မှာပါ။ ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်း လက်တွေ့ သုတေသနဆောင်ရွက်လို့ရပါတယ်။ အရင်တုန်းက ကျောင်းမှာ စက်မှုအင်ဂျင်နီယာဌာနက ဘွဲ့ကြို ကျောင်းသား ကျောင်းသူတွေအတွက် မသင်မနေရဆိုတော့ သုံးလုံးထားရှိပါတယ်။ အမျိုးအစားငါးမျိုးလောက်ရှိပါတယ်။ ချက်ဗလက်က ကားအင်ဂျင်အမျိုးအစား ကောင်းပါတယ်။ ပြီးတော့ နောက်ဆုံးပေါ် အင်ဂျင်ဖြစ်တဲ့အတွက်ကြောင့် နောက်ဆုံးပေါ် နည်းပညာများကို ကျောင်းသား ကျောင်းသူတွေ လေ့လာသိရှိနိုင်ကြတော့မှာ ဖြစ်တဲ့အတွက် အများကြီးအကျိုးရှိပါတယ်"ဟု ရှင်းပြသည်။

Chevrolet Myanmar မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာစောနေနွယ်ကလည်း "မြန်မာနိုင်ငံအတွက် ပညာရှင်တွေ မွေးထုတ်ပေးနေတဲ့ နည်းပညာကျောင်းတွေနဲ့ လက်တွဲပြီး အနာဂတ်မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နဲ့ မော်တော်ကားလုပ်ငန်း အခန်းကဏ္ဍ ပိုမိုတိုးတက်စေရန်အတွက် လျှုဒါန်းလိုက်တာပါ။ မြန်မာနိုင်ငံရဲ့ မော်တော်ယာဉ်စျေးကွက်မှာ အသိပညာရှင်၊ အတတ်ပညာရှင်တွေနဲ့ နည်းပညာရှင် အင်ဂျင်နီယာတွေ ပိုမိုလိုအပ်လာတော့မှာဖြစ်တဲ့အတွက် အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူတွေအနေနဲ့ နောက်ဆုံးပေါ် နည်းပညာမြင့် မော်တော်ကားတွေနဲ့ ပတ်သက်တဲ့ နည်းပညာတွေကို ထိတွေ့လေ့လာသင်ယူဖို့ လိုအပ်လာပါပြီ"ဟု ပြောသည်။

လက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်(အင်းစိန်)တွင် ဘွဲ့ကြို ကျောင်းသား ကျောင်းသူ ၉၀၀ ရှိပြီး ဘွဲ့လွန်ကျောင်းသား ကျောင်းသူ ၆၀၀ ရှိကာ စုစုပေါင်း ၁၅၀၀ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

အစိုးရသာသနဓဇ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ချီးမြှင့်

နမ့်ဆန် ဇူလိုင် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ ဇယန်းကြီးကျောင်းတိုက်တွင် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စကိုအမှူးထား၍ ဇယန်းကြီးတိုက်နယ် ဗုဒ္ဓသာသနာ့ဂေါပက အဖွဲ့ကဦးစီးပြီး (M.A.Buddhism) အစိုးရသာသနဓဇ ဓမ္မာစရိယဘွဲ့ရှိတော်မူသော သံဃာတော်နှင့်သီလရှင်များအား ထပ်ဆင့်ဂုဏ်ပြုပွဲကို ဇူလိုင် ၁၆ ရက်က ဇယန်းကြီးကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ဒုတိယဆရာတော်က ရတနာသုံးပါးကို ဦးဆောင်ကန်တော့ပြီး ဓမ္မာစရိယဘွဲ့ရှိတော်မူသော သံဃာတော်များနှင့် သီလရှင်ခြောက်ပါးတို့ကို ဆရာတော်ကြီးများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ကြွရောက်လာသော ဆရာတော်သံဃာတော်များကို စေတနာရှင်အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါဂုဏ်ပြုပွဲတွင် ဆရာတော်၊ သံဃာတော်များ၊ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့များ၊ စေတနာရှင်အလှူရှင်များနှင့် ကျေးရွာလူထုများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်မိုး(ပြန်/ဆက်)

ရွှေကောက်ပွဲဆိုင်ရာများ တွေ့ဆုံဆွေးနွေး

သီပေါ ဇူလိုင် ၁၈

ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွှေကောက်ပွဲတာဝန်ခံ ဒေါက်တာစိုင်းစံဝင်းနှင့် ကျောက်မခရိုင်အတွင်းရှိ ခရိုင် /မြို့နယ်ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီက ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြည်ထောင်စုရွှေကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပြီး ဒေသတွင်း နိုင်ငံရေးပါတီဝင်များ၏ လုပ်ဆောင်ချက်များ၊ အခက်အခဲများကို တင်ပြဆွေးနွေးကြရန်နှင့် ရွှေကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများမရှိအောင် ဆောင်ရွက်သွားကြရန်၊ မဲဆန္ဒရှင်စာရင်းများကို ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စိုင်း(သီပေါ)

ခေါင်းဆောင်မှုအရည်အသွေးမြှင့်သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၈

